# မြန်မာနိုင်ငံ
## အတွက် ကမ္ဘာ့ ဆုတောင်းခြင်းနေ့
## ၂၀၂၁



ယမန်နှစ်များအတွင်း မြန်မာစစ်တပ်၏တိုက်ခိုက်မှုများမြင့်တက်လာခြင်းကြောင့် မိသားစုအများ အပြားနေအိမ်မှထွက်ပြေးတိမ်းရှောင်နေရစဉ်၊ ကရင်ပြည်နယ်အတွင်းရှိ မိသားစု တစ်စုမှ မြန်မာ့ စစ်တပ်တည်နေရာကိုရှာဖွေသိရှိရန် ရေဒီယိုဖြင့်သတင်းပို့နေစဉ်။

# ဒါရိုက်တာမှအမှာစကား

မိတ်ဆွေများခင်ဗျား

မြန်မာနိုင်ငံသားများအပေါ် ထားရှိသော သင်၏ချစ်ခြင်းမေတ္တာနှင့် ဆုတောင်းချက်များအတွက် အထူးကျေးဇူးတင်ရှိပါသည်။ မြန်မာနိုင်ငံသည် ယခုတိုင်အောင်အနှစ်၇၀ကျော်ကြာ ပြည်တွင်းစစ်၊ သေခြင်းတရား၊ နေရာရွှေ့ပြောင်းနေထိုင်ခြင်း၊ တရားမျှတမှုမရှိခြင်းနှင့် ဝမ်းနည်းကြေကွဲ ဖွယ်ရာများကို ကြုံတွေ့လာခဲ့ရပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည်ဆုတောင်းခြင်းကို စွန့်ပစ်မထားခဲ့ကြပါ။ အကြောင်းမှာ ဘုရားသခင်သည် အရှုံးပေးခြင်းမရှိပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ဘဝတွင် ဘုရားသခင် ဆုတောင်းချက်များကို မည်ကဲ့သို့ အဖြေပေးနေသည်နှင့် မဖြစ်နိုင်သည့်အရာများကို ဖြစ်အောင် လုပ်ဆောင်ပေးနေသည်ကို မြင်တွေ့နေရပါသည်။

ခရစ်တော်သည်ကျွန်ုပ်တို့ကို ဆုတောင်းခြင်းတွင်အားလျော့ခြင်းမရှိရန်၊ အရှုံးမပေးပဲ ကိုယ်တော်၏ နိုင်ငံတော်သည် ကမ္ဘာကြီးပေါ် သို့ ကောင်းကင်နိုင်ငံတော်နည်းတူ တည်ရှိနိုင်ပါစေကြောင်း ဆုတောင်းကြရန် ပြောကြားထားပါသည်။ ကျွန်ုပ်တို့ဆုတောင်းသည့်အချိန်တိုင်းနှင့် ခရစ်တော်ကို နာခံသည့်အချိန်တိုင်းတွင် ကျွန်ုပ်တို့သည် သူ၏တည်ရှိမှုကိုခံစားကြရပြီး၊ ကျွန်ုပ်တို့သည် အခြားသောနိုင်ငံတော်များကျွန်ုပ်တို့၏ဝန်းကျင်တွင်ရှိနေလျှင် ကျွန်ုပ်တို့သည်ကမ္ဘာကြီး ပေါ် တွင် ကိုယ်တော့်နိုင်ငံတော်၏တစိတ်တပိုင်း ဖြစ်သည်ကိုခံစားကြရပါသည်။

ဘုရားသခင်သည်ဆုတောင်းခြင်းအားဖြင့် လုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိသည်။ ရှေးဦးစွာ ကျွန်ုပ်တို့၏ကိုယ်ပိုင်နှလုံးသားများကိုပြောင်းလဲကာ၊ ကျွန်ုပ်တို့လုပ်ဆောင်တော့မည့်အရာတွင် လမ်းညွှန်ပြီး၊ အခြားသောသူများထံ ပြောင်းလဲမှုကိုယူဆောင်စေမည်ဖြစ်သည်။ ခြင်္သေ့တွင်းထဲမှ ဒံယေလသည် ဘုရားသခင်ထံ အကူအညီရရန်ဆုတောင်းခဲ့ပြီး၊ အချိန်ကို စောင့်ဆိုင်းခဲ့ရသော်လည်း အကူအညီ အမှန်တကယ်ရောက်ရှိလာခဲ့ပါသည်။ လူသားတို့၏ဆုတောင်းချက်များ၊ ချစ်ခြင်းမေတ္တာနှင့် လုပ်ဆောင်မှုများကြောင့် မြန်မာနိုင်ငံတွင်ကောင်းမွန်သော ပြောင်းလဲမှုများစွာ ရှိခဲ့ပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအတွက် ဆက်လက်ဆုတောင်းနေခဲ့ပါသည်။ အကြောင်းမှာ စစ်ပွဲသည်ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး၊ ယင်းစစ်ပွဲများ ရပ်တန့်ရန်လိုအပ်နေပါသည်။ တရားမျှတမှု၊ လွတ်လပ်မှုနှင့် ပြန်လည်သင့်မြတ်မှုတို့ကို လိုအပ်လျက်ရှိနေပါသည်။

လွန်ခဲ့သည့်နှစ်အတွင်း မြန်မာစစ်တပ်သည် မြန်မာနိုင်ငံ အနောက်ပိုင်း၊ ရခိုင်ပြည်နယ်အတွင်းတွင် ထိုးစစ်ဆင်မှုများကို မြှင့်တင်ခဲ့သဖြင့် ဗုဒ္ဓဘာသာ ရခိုင်လူမျိုးပေါင်း၇၀၀၀၀ကျော် နေရာရွှေ့ပြောင်း နေထိုင်ခဲ့ရကာ၊ တစ်ချိန်တည်းတွင် မူဆလင်ရိုဟင်ဂျာပေါင်းတစ်သန်းကျော်ကို ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခြင်းမရှိစေရန်ဟန့်တားထားခဲ့လေသည်။ ရိုဟင်ဂျာများသည် ၂၀၁၇ခုနှစ် တွင် တိုက်ခိုက်မှုကိုခံခဲ့ရပြီး၊ ညစ်ပတ်ပြီး အပြောင်းအလဲရှိလာနိုင်ချေအလွန်နည်းပါးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းမှ ဒုက္ခသည်စခန်းများသို့တိမ်းရှောင်ထွက်ပြေး စေရန် တွန်းအားပေးခံခဲ့ကြရလေသည်။ မြန်မာနိုင်ငံမြောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တအောင်းလူမျိုးများဒေသတို့တွင် ဆန့်ကျင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး၊ လူပေါင်း ၁၀၀၀၀၀ကျော် စစ်ဘေးမှထွက်ပြေးတိမ်းရှောင်နေရလေသည်။ မြန်မာနိုင်ငံ အရှေ့ပိုင်းကရင်ပြည်နယ်တွင် အပစ်အခတ် ရပ်စဲရေးသဘောတူညီမှုရှိသော်လည်း ထိုသဘောတူညီချက်ကို ပုံမှန်ဖောက်ဖျက်ကာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို သတ်ဖြတ်ခြင်းများဖြစ်ပေါ် လျက်ရှိပါသည်။

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ရွေးကောက်ပွဲပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် စစ်တပ်သည် သူ၏အချုပ်အခြာအာဏာကိုဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး၊ တိုက်ခိုက်မှုစစ်ပွဲများဆက်လက်ဖြစ်ပွားနေခဲ့လေသည်။ ထိုသို့ဖြစ်ပေါ် နေလျှင်ကျွန်ုပ်တို့သည်အရှုံးမပေးခဲ့ကြပေ။ ဘုရားသခင်၏ သဘောဆန္ဒအတိုင်းဆုတောင်းရန်နှင့် မြန်မာနိုင်ငံတွင်းမှ ပြည်သူများ စစ်တပ်နှင့် အစိုးရ၏ဖိနှိပ် ချုပ်ခြယ်မှုအောက်မှ လွတ်မြောက်ကြစေရန် အတွက် ဆုတောင်းကာ လုံလောက်သော ဂရုစိုက်မှုကိုပေးကြသော သင်တို့အားလုံးကိုကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့သည် ဆုတောင်းချက်နှင့် လုပ်ဆောင်မှုအတွင်းမိမိကိုယ်ကို မြှုပ်နှံထားပါက ကျွန်ုပ်တို့ဆုတောင်းသော ထိုအခြင်းအရာများသည် ကျွန်ုပ်တို့၏ဘဝနှင့် ကျွန်ုပ်တို့၏ဝန်းကျင်မှ လူများ၏အသက်တာအတွင်းတွင် အမှန်တကယ်ဖြစ်တည်လာမည် ဖြစ်လေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဤကမ္ဘာသည်ဘုရားသခင်၏ကမ္ဘာ ဖြစ်ပြီး ဘုရားသခင်သည် ဤကမ္ဘာကြီးကောင်းမွန် စေရန်အတွက် ကျွန်ုပ်တို့နှင့် အလုပ်လုပ်ကိုင် လျက်ရှိခြင်းကြောင့်ဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်ကိုခွင့်လွှတ်ကာ၊ ကျွန်ုပ်တို့အား လမ်းပြခြင်း၊ ခွန်အားပေးခြင်းအတွက်သော်လည်းကောင်း၊ ကျွန်ုပ်တို့ကိုအသုံးပြုကာ၊ သူ၏နာမတော်စိတ်တော်နှင့်အညီ လုပ်ဆောင်နိုင်ရန် ပျော်ရွှင်ဝမ်းမြောက်မှုကိုပေးလေသည်။

ဤလုပ်ဆောင်မှုများအတွင်းတွင် ကျွန်ုပ်တို့နှင့် အတူပါဝင်သည့်အတွက်သော်လည်းကောင်း၊ သင်တို့၏ဆုတောင်းချက်မှတဆင့် ကျွန်ုပ်တို့ ခံစားရသော ကိုယ်တော့်၏မျက်မှောက်တော်အတွက် သင့်တို့အားအထူးပင် ကျေးဇူးတင်ရှိပါသည်။

ဘုရားသခင်ကောင်းချီးပေးပါစေ။



ဒေ့ဗ်၊ မိသားစုဝင်များ၊ နှင့် မြန်မာနိုင်ငံအတွက်ခရစ်ယာန်များအဖွဲ့နှင့် လွတ်လပ်သောရိန်းဂျားအဖွဲ့။



ဘယ်မှညာသို့ - ပီတာ (Peter)၊ စူဇန်နာ (Suuzanne)၊ စာဟာလီ(Sahale)၊ ကေရန် (Karen) နှင့် ဒေးဗစ်ယူဘဲ့ခ်(David Eubank) တို့ကို ကရင်ပြည်နယ်တွင်တွေ့ရစဉ်။ ၂၀၂၀။


1


2


3


4
















***Photo captions for pages 3 and 4:***

*၁။ ကေရန်၊ ပီတာယူဘဲ့ခ် နှင့်အတူ ၂၀၂၀ခုနှစ်၊ မတ်လ၃၁ရက်နေ့က ဗမာစစ်တပ်၏ ပစ်ခတ်ခဲ့ခြင်းကြောင့် ခင်ပွန်းသည်သေဆုံးခဲ့ရသူ နော်ယူမာကိုတွေ့ရစဉ်။*
*၂။ ကယ်ဆယ်ရေးမစ်ရှင်တစ်ခုအတွင်း ကရင်ဆေးမှူးတစ်ဦးမှလူနာတစ်ယောက်အားစမ်းသပ် နေစဉ်။*
*၃။ ၂၀၂၀ခုနှစ်တွင် ဗမာစစ်တပ်၏တိုက်ခိုက်မှုကြောင့်ထွက်ပြေးတိမ်းရှောင်နေကြရသော ကရင်ရွာသားများ (အနောက်ဖုံးပါသတင်း)*
*၄။ တောတွင်းကလေးသူငယ်အစီအစဉ်တစ်ခုအတွင်း နေရာရွှေ့ပြောင်းတိမ်းရှောင်နေရသော ကရင်ရွာသားများသီချင်းသီဆိုနေစဉ်။*
*၅။ ရွာသားများနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များမှ ကရင်ပြည်နယ်အတွင်း အသင်းတော်အသစ် တစ်ခုတွင်ပျော်ပွဲဆင်နွဲနေစဉ်*
*၆။ COVID-19 ရောဂါသတိပြုဖွယ်ပိုစတာတစ်ခုကို ချိတ်ဆွဲထားသည်ကို ကရင်ပြည်နယ် အတွင်းရှိနေအိမ်တစ်အိမ်အပြင်ဘက်တွင်တွေ့ရပုံ။*
*၇။ ၂၀၂၀ခုနှစ်၊ မတ်လ၁၇ရက်တွင် မြန်မာစစ်တပ်မှပုံးကြဲတိုက်ခိုက်မှုအပြီး ချင်းပြည်နယ်၊ ဂက်မကျေးရွာတွင် ကျန်ရစ်ခဲ့သောအပျက်အစီးများ။*
*၈။ ၂၀၂၀ခုနှစ်၊ ဧပြီလ၂၂ရက်၊ ချင်းပြည်နယ် ပလက်ဝမြို့တွင် မြန်မာစစ်တပ်တိုက်ခိုက်မှု တစ်ခု၏ထိခိုက်မှု။*
*၉။ ရှမ်းပြည်နယ်တောင်ပိုင်း ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်အတွင်း ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးမှ ကလေးသူငယ်အစီအစဉ်တစ်ခုကို ဦးဆောင်ကျင်းပနေပုံ။*

# ပါဝင်သည့်အကြောင်းအရာများ


2 ဒါရိုက်တာ့အမှာစကား

6 မြန်မာနိုင်ငံမြေပုံ

7 ၂၀၂၀ခုနှစ် ရွေးကောက်ပွဲ၏နေး ကွေးသောတိုးတက်မှု

8 COVID-19 ထိန်းချုပ်ရေး စည်းမျဉ်းများက ကယ်ဆယ်ရေးလုပ်ငန်းများကို ဟန့်တားနေခြင်း

10 ပို၍ကောင်းမွန်သော ဘဝအတွက် သေခြင်းတရားကို ရင်ဆိုင်ခြင်း

12 မြန်မာနိုင်ငံအနောက်ပိုင်း

16 မြန်မာနိုင်ငံအနောက်ပိုင်းမှ အသံများ

18 မြန်မာနိုင်ငံမြောက်ပိုင်း

20 မြန်မာနိုင်ငံမြောက်ပိုင်းမှ အသံများ

22 မြန်မာနိုင်ငံအရှေ့ပိုင်း


26 မြန်မာနိုင်ငံအရှေ့ပိုင်းမှ အသံများ



မြန်မာနိုင်ငံအတွက်ကမ္ဘာ့ဆုတောင်းခြင်းနေ့အား မတ်လ၏ဒုတိယအပတ်တနင်္ဂနွေနေ့တွင် ကျင်းပလေ့ရှိပါသည်။ ကျေးဇူးပြု၍ မြန်မာနိုင်ငံအတွက် ဆုတောင်းပေးခြင်းတွင်ပါဝင်ပေးကြပါ။ အချက်အလက်များကိုပိုမိုသိရှိလိုပါက info@prayerforburma.org သို့အီးမေးလ်ပေးပို့နိုင်ပါသည်။


Acts Co. ၏ထောက်ပံ့မှုနှင့် ဤမဂ္ဂဇင်းကိုပုံနှိပ်ပေးမှုတို့အတွက် ကျေးဇူးအထူးတင်ရှိပါသည်။ ဤမဂ္ဂဇင်းကို မြန်မာနိုင်ငံအတွက် ခရစ်ယာန်များ (CCB)မှထုတ်ဝေပါသည်။ စာသားမူပိုင်ခွင့် အားလုံး CCB2021 ဖြစ်ပါသည်။ ဒီဇိုင်းနှင့်ပုံစံမှာ FBR ထုတ်ဝေမှုဖြစ်ပါသည်။ မူပိုင်ခွင့်အားလုံးထားရှိပါသည်။ အကယ်၍ စာသားများနှင့်ပုံများကို သင့်လျော်စွာ အသိအမှတ်ပြုဖော်ပြခြင်းရှိပါက ဤမဂ္ဂဇင်းကို မူပွားနိုင်ပါသည်။ ပုံအားလုံးမူပိုင်ခွင့်သည် FBR ထံတွင်ရှိပြီးအသိပေး အကြောင်းကြားခြင်းမှ လွဲ၍အသုံးပြုခွင့်မရှိပေ။ ကျမ်းပိုဒ်စာသားအကိုးအကားများမှာ NIV မှဖြစ်ပြီး သို့မဟုတ် ပါက မှတ်ချက်ဖြင့်ဖော်ပြထားရှိသည်။



**Christians Concerned for Burma (CCB), PO Box 392, Chiang Mai, 50000, THAILAND**
**www.prayforburma.org        info@prayforburma.org**




# ဆုတောင်းရန်အချက်များ

- အစိုးရခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိလူများအပေါ် ရိုးသား ဖြောင့်မတ်စွာနှင့် သနားကြင်နာမှုတို့ဖြင့်လမ်းပြကာ အာဏာ သို့မဟုတ် ကြွယ်ဝမှုတို့ကြောင့်ယိမ်းယိုင်ခြင်းမရှိကြစေရန်ဆုတောင်းပေးရန်။
- မြန်မာနိုင်ငံအတွင်း ပို၍ ကြီးမားသော နိုင်ငံရေးနှင့် ဘာသာရေး လွတ်လပ်ခွင့်များ ရှိလာစေရန် အတွက်ဆုတောင်းပေးရန်။ မြန်မာအစိုးရနှင့်စစ်တပ်ကိုဆန့်ကျင်ကာ ပြောဆိုခဲ့ကြသော လူပေါင်း ၅၈၄ဦး (အချို့သောသူများသည်ပစ်ဒဏ်ချမှတ်ခြင်းခံ ထားရပြီးဖြစ်ပြီး၊ အချို့တို့သည်အမှုစစ်ဆေး ရန်စောင့်ဆိုင်းနေဆဲ) တို့၏ လုံခြုံရေးနှင့် လွတ်လပ်ခွင့်တို့အတွက် ဆုတောင်းပေးရန်။
- မိမိတို့လူမျိုးများကိုကူညီရန်အတွက်လုပ်ဆောင်နေကြသော လူမျိုးစုငယ်များကြား ညီညွတ်ခြင်း အတွက်ဆုတောင်းပေးရန်နှင့် မြန်မာနိုင်ငံဗဟိုအစိုးရနှင့် လူမျိုးစုငယ် အုပ်စုများကြား ငြိမ်းချမ်းရေး၍ အသီးအပွင့်ရှိသော ဆွေးနွေးမှုများရှိလာစေရေး ဆုတောင်းပေးရန်။
- ပဋိပက္ခများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများ သို့မဟုတ် အစားအစာနှင့် ငွေ ပြတ်တောက်ခြင်းကိုရင်ဆိုင်နေရသူများအတွက်ဆုတောင်းပေးရန်။ အမှန်တရား ကိုရှာဖွေတွေ့ရှိရန်၊ ခေါင်းဆောင်များအနေဖြင့် ကောင်းမွန်စွာတာဝန်ယူမှုရှိပြီး၊ သက်သေ များ အနေဖြင့် သတ္တိရှိစွာနှင့် လုံခြုံစိတ်ချစွာ ပြောဆိုနိုင်ကြစေရေးဆုတောင်းပေးရန်။

# ၂၀၂၀ရွေးကောက်ပွဲ၏နှေးကွေးသောတိုးတက်မှု။

## မြန်မာနိုင်ငံ၏မကြာသေးခင်ကပြုလုပ်ခဲ့သောရွေးကောက်ပွဲအကျဉ်းချုပ်။

ဗမာ (မြန်မာ)နိုင်ငံသည် ၂၀၂၀ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်ပွဲကျင်းပခဲ့သော်လည်း၊ ယင်းက ဆယ်စုနှစ်ပေါင်းများစွာသက်တမ်းရှိသည့် ပဋိပက္ခများနှင့်ပတ်သတ်၍ဖြေရှင်းပေးနိုင်ခြင်း သို့မဟုတ် တိုင်းပြည်၏ လူမျိုးစုငယ်အသိုင်းအဝိုင်းများ၏မျှော်မှန်းချက်နှင့် စိုးရိမ်မှုများကိုဖြေရှင်းပေးနိုင်ခြင်း မရှိသလောက်ပင်ဖြစ်ပါသည်။ ယမန်နှစ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကလည်း လူမျိုးစုငယ် များစွာတို့၏ ခက်ခဲသောအခြေအနေများကို ပိုမိုဆိုးရွားလာစေခဲ့ပြီး၊ ကျေးလက်ဒေသလူနေမှုဘဝများအပေါ် (ထိုင်းနိုင်ငံနှင့် အခြားအိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများ စေလွှတ်မှု လျော့နည်းသွားခြင်းတို့အပါအဝင်)တွင်ဆိုးရွားစွာအကျိုးသက်ရောက်မှုရှိခဲ့လေသည်။

တိုင်းပြည်၏လူမျိုးစုငယ်နိုင်ငံရေးပါတီများ (EPPs)အတွင်းမှ ရခိုင်အမျိုးသားပါတီ (ANP)၊ ရှမ်းအမျိုး သားဒီမိုကရေစီအဖွဲ့ (SNLD)၊ မွန်စည်းလုံးညီညွတ်ရေးပါတီ (MUP)၊ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (KSDP)၊ တအောင်းအမျိုးသားပါတီ (TNP)နှင့် ပအို့ဝ် အမျိုးသားအဖွဲ့ (PNO) တို့သည် နိုဝင်ဘာ၈ရက်နေ့တွင်ကျင်းပခဲ့ရွေးကောက်ပွဲ၌ လွှတ်တော်နေရာများကိုသိသိသာသာ အောင်မြင်စွာရယူနိုင်ခဲ့သည်။ ကရင်၊ ချင်းနှင့် ကချင်အသိုင်းအဝိုင်းများကို ကိုယ်စားပြုသောပါတီများမှာမူ ရွေးကောက်ခံရမှုအခြေအနေမကောင်းခဲ့ပေ။

ဤသို့သောမဲဆန္ဒရလဒ်များကြောင့်အစိုးရကိုထောက်ပံ့ရန်စိတ်ဝင်စားမှုရှိသောအပြည်ပြည်ဆိုင်ရာရှယ်ယာကိုင်ဆောင်သူအချို့ အပါအဝင် လူအများတို့က မြန်မာနိုင်ငံအတွင်းမှ လူမျိုးစုငယ် အုပ်စုများသည် လူမျိုးစု-အမျိုးသားနိုင်ငံရေးကိစ္စများကို စိတ်ဝင်စားမှုမရှိဟူသည့်ယူဆချက်ကို လက်ခံလာကြကာ၊ လူမျိုးစုငယ်အရေးတို့သည်လည်း လူအများစုအတွက် ဒုတိယအရေးကြီးသည့် အရာသာဖြစ်နေဆဲပင်တည်း။ ပဋိပက္ခဖြစ်ပွားရာ လူမျိုးစုငယ်များနေထိုင်သော နေရာများမှ ထောက်ခံချက် များပင်ပါဝင်သည့်NLD ၏အပြတ်အသတ်အောင်မြင်မှုသည် အစိုးရ၏တရားဝင် ခိုင်မာမှုပုံရိပ်ကို ဖန်တီးပြသနေပါသည်။

EPPs သည် ရွေးကောက်ပွဲတွင် အခြေအနေဆိုးရွားရခြင်းမှ (ရွေးကောက်ပွဲကော်မရှင်မှ) လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာနေရာများ၊ လူမျိုးစုငယ်ပါတီအတွက် မဲပေးနိုင်မည်ဟုယူဆရသော လူမျိုးစုငယ်များနေထိုင်သောနေရာများတွင် မဲများကို ပယ်ဖျက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ဆက်လက်၍ သန်းပေါင်းများစွာသော အိမ်နီးချင်းနိုင်ငံများ (အထူးသဖြင့်ထိုင်းနိုင်ငံ)သို့ သွားရောက်သည့် ရွှေ့ပြောင်းလုပ်သားများထံမှလည်းမဲပေးပိုင်ခွင့်ကိုငြင်းပယ်ခဲ့သည်။ မြန်မာနိုင်ငံမှ အခြားတစ်နေရာရာတွင်သွားရောက်အလုပ်လုပ်ကိုင်နေကြသောမြန်မာရွှေ့ပြောင်းလုပ်သားအများစုသည်လည်း လူမျိုးစုငယ်ဒေသများအတွင်းတွင် သုံးလခန့်မျှနေပြီးမှသာ မဲပေးပိုင်ခွင့်ရှိလေသည်။ ရိုဟင်ဂျာများ နိုင်ငံသားဖြစ်ခွင့်ငြင်းပယ်ခံရခြင်း၊ မဲပေးပိုင်ခွင့်မရှိခြင်း၊ ရွေးကောက်ပွဲကျင်းပ ပိုင်ခွင့်မရှိခြင်းတို့ကလည်း အခွင့်အရေးများ ဆုံးရှုံးလျက်ရှိသော လူမျိုးစုငယ်အသိုင်းအဝိုင်းများ၏ အခြေအနေကို ဆက်လက်ပြသလျက်ရှိသည်။

ဆန့်ကျင်ဘက်အနေဖြင့် NLDအစိုးရသည်ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကာကွယ်ရေး ကိုလူထု စည်းရုံးမှု အထောက်အပံ့တစ်ခုအနေဖြင့်အသုံးပြု နိုင်ခဲ့သော်လည်း EPPs တို့အနေဖြင့် ကပ်ရောဂါကန့်သတ်ချက်များကြောင့် စည်းရုံးမှုများအကြီးအကျယ်လုပ်ဆောင်ခွင့်မရခဲ့ပေ။ ထို့အပြင် လူမျိုးစုငယ်မဲအား EPPs တစ်ဦးထက်ပိုသော (တစ်ခါတစ်ရံတွင်တစ်ဦးထက်ပိုသော EPP သည်တူညီသော လူမျိုးစုငယ်တစ်ခုကိုကိုယ်စားပြုသည်) မဲဆန္ဒနယ်များအတွင်းခွဲခြမ်းလိုက်သည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်၏“လူအများနှစ်သက်သောအင်အားကြီးသည့်အဖွဲ့” အားထပ်မံအားဖြည့်ပေးသည့် ပြန့်နှံ့လျက်ရှိသောထင်မြင်ချက်များကလည်း NLD အား စစ်တပ်နှင့်ယှဉ်လျှင်ရပ်တည်နိုင်သောတစ်ဦးတည်းသော အဖွဲ့ဖြစ်သည်ဟုအများထင်မြင်လာစေခဲ့သည်။ တစ်ဖက်တွင် မြန်မာနိုင်ငံ၏ “အနိုင်ရသူအကုန်ယူ” စနစ်သည် ပါတီငယ်များ၏အခွင့်အလမ်းကိုနှိမ့်ပါးစေခဲ့သည်။ ကယားနှင့်မွန်ပါတီတို့အောင်မြင်ရခြင်း၏အဓိကသော့ချက်မှာ ပြင်းထန်သော NLDအစိုးရ ပေါ်လစီများ (ဥပမာ- ဒေသခံများအားတိုင်ပင်ခြင်းမရှိပဲ၊ ပြည်နယ်မြို့တော်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်တုကိုထားရှိခဲ့ခြင်း)ကို ဆန့်ကျင်သော အသိုင်းအဝိုင်းတစ်ခုကို လှုံ့ဆော်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ သတိပြုရန်အရေးကြီးသည့်အချက်မှာ SNLD သည် အထူးသဖြင့် ရှမ်းပြည်နယ်အတွင်းတွင် နိုင်ငံသားအားလုံးကိုကိုယ်စားပြုရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် မဲပေးခြင်းကို ရပ်ဆိုင်းခဲ့သောဒေသများအတွင်းတွင် ၂၀၂၀ခုနှစ်အတွင်း လက်နက် ကိုင်ပဋိပက္ခများဆက်လက်ဖြစ်ပွားကာ - မြန်မာစစ်တပ်သည် အနောက်ဖက်တွင် အင်အားကြီးသောရခိုင်စစ်တပ်နှင့် အပြိုင် ကြီးမားသော အတိုင်းအတာဖြင့် ထိုးစစ်ဆင်ခြင်း၊ နိုင်ငံသားများအပေါ် အမျိုးမျိုးသောလူ့အခွင့်အရေးချိုးဖောက်ခြင်းတို့ကိုဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ ၂၀၂၀နှောင်းပိုင်းတွင် မြောက်ပိုင်း၌ ကချင်လွတ်လပ်ရေးအဖွဲ့အစည်းနှင့် တိုက်ခိုက်ခြင်းများ နည်းပါးခဲ့သည်။ သို့ရာတွင် ကရင်ပြည်နယ်အရှေ့တောင်ပိုင်းကဲ့သို့သော အပစ်အခတ်ရပ်စဲရေး တည်ဆောက်ဆဲဟုယူဆရသော အချို့သောနေရာများတွင် မြန်မာစစ်တပ်သည် ဒေသ တွင်း ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးသည့်နေရာအချို့တို့ကိုဖျက်ဆီးခြင်းအပါအဝင် ဒေသခံများအား တိုက်ခိုက်ခြင်းနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)တို့ကိုထိပါးနှောင့်ယှက်ခြင်းတို့ကိုလုပ်ဆောင်လျက်ရှိပါသည်။

ဤသို့သောအခြေအနေတွင် KNU နှင့် အခြားသော နိုင်ငံနှင့်အဝှမ်းအပစ်အခတ်ရပ်စဲရေး သဘောတူညီစာချုပ်ရေးထိုးထားသောအုပ်စုများသည် ဆက်လက်၍ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်လာပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခများအတွက် နိုင်ငံရေးအခြေအနေတည်ငြိမ်မှုရှိစေရန်ဆက်လက်ကြိုးပမ်းနေရဆဲဖြစ်ပါသည်။ ၂၀၂၀ခုနှစ်၊ ဩဂုတ်လ ပြည်ထောင်စု ငြိမ်းချမ်း ရေးအစည်းအဝေး တွင် အစိုးရနှင့်တပ်မတော်တို့သည် ရပ်တည်တောင်းဆိုလာခဲ့သည်မှာကြာမြင့်ပြီ ဖြစ်သော လူမျိုးစုငယ်တို့၏တောင်းဆိုချက်များကို တုံ့ပြန်ဖြေရှင်းပေးရန်လိုအပ်မည့် နိုင်ငံရေး အရအပြန်အလှန်ပြောဆိုခြင်းပါဝင်မည့်၂၀၂၀ခုနှစ်အကျော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက် လုပ်ဆောင်ရန်သဘောတူညီခဲ့ကြသည်။ သို့ရာတွင် လှုပ်ရှားသူများနှင့် စူးစမ်းလေ့လာသူများ အနေဖြင့် စိုးရိမ်နေသည့်အချက်မှာ ရွေးကောက်ပွဲအနိုင်ရမှုပြီးနောက်တွင် ဒေါ်အောင်ဆန်းစုကြည် ပါတီသည်ဖက်ဒရက်အုပ်ချုပ်ရေးအတွက် လူမျိုးစုငယ်များ၏တောင်းဆိုမှုအပေါ် အပြောဖြင့်သာ တုံ့ပြန်ခြင်းထက်ပို၍ လုပ်ဆောင်ရန်ဆန္ဒမရှိတော့မည်ဆိုသည့်အချက်ဖြစ်သည်။

*Dr. Ashley South သည် ပုဂ္ဂလိကစာရေးဆရာ၊ အတိုင်ပင်ခံနှင့် ချင်းမိုင်တက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်ပါသည်။*







# COVID-19 ထိန်းချုပ်ရေး စည်းမျဉ်းများကကာကွယ်ဆယ်ရေး လုပ်ငန်းများကိုဟန့်တားနေခြင်း

*ရောဂါဖြစ်ပွားမှုအတည်ပြုချက်များနောက်ကျဖြစ်ပေါ်ခဲ့သော်လည်း မြန်မာနိုင်ငံအတွင်းတွင် COVID-19 ပျံ့ပွားမှုနှင့်စိန်ခေါ်မှုများ ဆက်လက်ဖြစ်ပွားမည်မှာမလွဲမသွေပင်တည်း။ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဒေသများအတွင်းတွင် ဗိုင်းရပ်စ်နှင့်ပတ်သတ်သော သတိပေးချက်ပိုစတာများကိုအသုံးပြု ပညာပေးခြင်း၊ ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ဆောင်ချက်များ နှင့်ပတ်သတ်ကာ အသိပေးပြောကြားမှု များကိုလုပ်ဆောင်ခဲ့ပါသည်။ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများမှ စမ်းသပ်ပစ္စည်းကို လှူဒါန်းပေးခဲ့ပြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(MHS) နှင့်အတူ COVID-19 ရောဂါအတွက် ပြင်ဆင်မှုများနှင့် ရင်ဆိုင်တိုက်ခိုက်မှုများကိုလုပ်ဆောင်ခဲ့ပါသည်။*

*ဘယ်မှညာသို့ - မြန်မာနိုင်ငံမြောက်ပိုင်း၊ နာဂဒေသအတွင်း ရွာသားများ ပိုစတာများကိုပြင်ဆင်နေစဉ်။ ရန်ကုန်မြို့ပြဆင်ခြေဖုံးတစ်ခုအတွင်းနေထိုင်သောအမျိုးသမီးတစ်ဦးမှ ဒေသတွင်း အဖွဲ့အစည်းတစ်ခုမှလှူဒါန်းသောအစားအစာကိုလက်ခံနေစဉ်။ကရင်ပြည်နယ်၊ ဂါသိုကိုးရွာတွင် ၂၀၂၀ခုနှစ်၊ မေလ၆ရက်က မြန်မာစစ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့သော COVID-19 စစ်ဆေးရေး နေရာတစ်ခု။*

၂၀၂၀ခုနှစ်၊ မတ်လ ၂၃ရက်နေ့တွင် မြန်မာနိုင်ငံတွင်း ပထမဆုံး ရောဂါဖြစ်ပွားမှု နှစ်ခုကို အတည်ပြုခဲ့သော်လည်း၊ စုစုပေါင်းဖြစ်ပွားမှုသည် ၂၀၂၀ နောက်ပိုင်းတွင်သာထိပ်ဆုံး သို့ရောက်ခဲ့ ပါသည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ရက်နေ့တွင် MHSမှ ထိုနေ့အထိ ရောဂါစမ်းသပ်မှု နမူနာပေါင်း ၂.၃သန်းကိုရယူခဲ့ပြီး၊ ၁၃၈၀၀၀နီးပါးကို COVID-19စမ်းသပ်တွေ့ရှိခဲ့ကာ၊ ဗိုင်းရပ်စ်ကြောင့်လူသုံးထောင်ကျော်ခန့်သာ သေဆုံးခဲ့ကြောင်းဖော်ပြခဲ့ပါသည်။ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်ရှိ ကိုရိုနာဗိုင်းရပ်စ်ကုသရေးစင်တာ ရောဂါတွေ့ရှိမှုအသစ်အရေအတွက်နှင့်သေဆုံးသူအရေအတွက်သည် ၂၀၂၀ ခုနှစ်အောက်တိုဘာတွင်ထိပ်ဆုံးသို့ ရောက်ရှိခဲ့ပြီး၊ ထိုတစ်လတည်းတွင်ပင် ရောဂါတွေ့ရှိမှုအသစ်စုစုပေါင်းသည် ၃၉၀၀၀ဦးကျော်နှင့်သေဆုံးသူ ၉၂၇ဦးရှိခဲ့ပါသည်။ သို့ရာတွင် ထိုအရေအတွက်သည် တိုင်းပြည်၏နေရာအများအပြားကိုကိုယ်စားပြုသည့်အရေအတွက် မဟုတ်နိုင်ပေ။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း ထက်ဝေးလံခေါင်ဖျားသောနေရာများတွင် လက်လှမ်းမှီရန်ခက်ခဲပြီး၊ နမူနာများကို စုဆောင်းရန်နှင့် စမ်းသပ်ရန် ကျန်းမာရေးစောင့်ရှောက်မှု အရင်းအမြစ်များအကန့်အသတ်ဖြင့်သာ ရှိနေခြင်းကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံ၏လူမျိုးစုငယ်ပြည်နယ်များအတွင်းတွင် ကိုဗစ် ကိန်းဂဏန်းများကိုရယူရန်အကန့် အသတ်ရှိနေခြင်းက ရွာသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အကန့်အသတ်များဖြင့်သာတည်ရှိနေကြောင်းကိုထင်ဟပ်ပြသနေပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက်အခွင့်အလမ်း နည်းပါးခြင်းသည် တစ်ခါတစ်ရံတွင်ဗဟိုအစိုးရ၏ ပဋိပက္ခရလဒ် သို့မဟုတ် ဖိနှိပ်ချုပ်ခြယ်ခြင်း၏အကျိုးဆက်ဖြစ်လေသည်။ ဗမာစစ်တပ်၏တိုက်ခိုက်မှုအောက်တွင် ရွာသားများအတွက် ကိုဗစ်သည် သူတို့၏နေ့စဉ်အသက်ရှင်ရပ်တည်ရန်လိုအပ်မှုများနှင့် တိုက်ခိုက်မှုများကြားလုံခြုံမှုရရှိရန်အတွက် သူတို့နှင့်ယှဉ်လျှင် စိုးရိမ်စရာဒုတိယတစ်ခုသာဖြစ်လေသည်။





ဗိုင်းရပ်စ်ပိုးမရောက်ခင်ကတည်းကပင်လျှင် ပဋိပက္ခကြောင့် ရခိုင်ပြည်နယ်အတွင်းသို့ခရီးသွားလာမှုကို ကန့်သတ်ခဲ့ပြီးဖြစ်လေသည်။ ဗိုင်းရပ်စ်ပိုးရောက်လာသည်နှင့်တစ်ပြိုင်နက် ထိုဗိုင်းရပ်စ်ကို နှိမ်နင်းရန် ရည်ရွယ်ချက်ရှိစွာ ချမှတ်လိုက်သော လော့ဒေါင်းများနှင့် သွားလာမှု ကန့်သတ်ခြင်းတို့က နဂိုကတည်းကပင် ပဋိပက္ခကြောင့် နေရပ်စွန့်ပစ်နေထိုင်ရသူများထံသို့ အခြေခံအထောက်အပံ့များကိုဖြန့်ဝေရန် ရုန်းကန်ကြိုးစားနေရသော ကျန်းမာရေးစောင့်ရှောက်ပေးသူများနှင့် NGOs များအတွက် အခက်အခဲပိုရှိစေခဲ့ပြီး၊ ကပ်ရောဂါကြီးမှဖြစ်ပေါ်လာစေသော အပိုလိုအပ်ချက်များကို ဖြည့်ဆည်းလုပ်ဆောင်ပေးနေခဲ့ရပါသည်။

ရိုဟင်ဂျာများအတွက် COVID-19 ကို ကြောက်ရွံ့ခြင်းနှင့် စိုးရွံ့မှုသည် ပိုထူးခြားသော အခက်အခဲများကို ဖန်တီးခဲ့ပါသည်။ ၂၀၁၇ခုနှစ်တွင် ဗမာစစ်တပ်၏ မျိုးတုံးသတ်ဖြတ်မှုမှ ထွက်ပြေးတိမ်းရှောင်ပြီးနောက်တွင် ရိုဟင်ဂျာပေါင်း ၇၀၀၀၀၀ကျော်သည် ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းတွင် ကပိုကရိုတည်ဆောက်ထားသော ဒုက္ခသည်စခန်းများတွင် အခြေချခဲ့ရပါသည်။

ဒုက္ခသည်စခန်းများတွင်အလုပ်လုပ်ကိုင်လျက်ရှိသောအဖွဲ့အစည်းများသည် ဒုက္ခသည်များအား ဗိုင်းရပ်စ်သည်မည်သို့ဖြစ်သည်နှင့် အကယ်၍ ရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက မည်သို့ လုပ်ဆောင်ရမည်ဆိုသည်နှင့်ပတ်သတ်၍ အများအား ပညာပေးလုပ်ငန်းများကို လုပ်ဆောင်ခြင်း ကိုပိုတိုးလုပ်ဆောင်ခဲ့ရသည်။ ဆေးခန်းအသစ်များ ထပ်မံတည်ဆောက်ကာ ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် အဓိကကျန်းမာရေးစောင့်ရှောက်မှုမှတဆင့် COVID-19 ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ခြင်းသို့ ပြောင်းလဲခဲ့ရသည်။ ထိုသို့ပြောင်းလဲသွားခြင်းက အထူးသဖြင့် ကလေးများအတွက် ကာကွယ်ဆေးထိုးသည့်အစီအစဉ်များထဲမှ တစ်ခုဖြစ်သည့် MMRကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များအတွက်ကြီးမားသောလစ်ဟာမှုကိုဖြစ်ပေါ်စေခဲ့ပါသည်။ ကျေးဇူးတော်ကြောင့် စခန်းအတွင်းတွင် ဆိုးရွားသော ရောဂါဖြစ်ပွားမှုများ မရှိခဲ့ပေ။ သို့ဖြစ်သောကြောင့် အဖွဲ့အစည်းများအနေဖြင့် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်များကိုပြန်လည်လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

တစ်ဖက်ကမ်းရှိမြန်မာနိုင်ငံ၊ ကရင်ပြည်နယ်တွင်မူ လူမျိုးစုငယ်လက်နက်ကိုင်အဖွဲ့အစည်း တစ်ခု ဖြစ်သည့်ကရင်အမျိုးသားအစည်းအရုံး (KNU)အနေဖြင့် ယင်းတို့၏လူမျိုးများထံပညာပေးရန်နှင့် ကာကွယ်ရန်အတွက် ကိုဗစ်စစ်ဆေးရေးနေရာများကိုတည်ဆောက်ခဲ့သည်။ သို့ရာတွင် ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန (KDHW) မှ တည်ဆောက်ပြီး လုပ်ဆောင်နေသော စစ်ဆေးရေးနေရာများကို ဗမာစစ်တပ်မီးရှို့ဖျက်ဆီးပြီး ဆန့်ကျင်တိုက်ခိုက်မှုကိုရင်ဆိုင်ခဲ့ရပါသည်။ ၂၀၂၀ခုနှစ်ဇွန်လ၁၅ရက်တွင် ဗမာစစ်တပ် LIB 20 တပ်ရင်းဒုပိုလ်မှူးကြီး စိုးထွန်းဝင်းက ဆောထိ၊ ဂါကိုလောထီး ကိုဗစ်စစ်ဆေးရေးနေရာရှိ ကရင့်ကျန်းမာရေးလုပ်သားများအား စစ်ဆေးရေးစခန်းကို ဖြုတ်ပစ်ရန်ပြောကြားခဲ့လေသည်။ ထိုသို့မပြုလုပ်ပါက သူ့ အနေဖြင့် ပြန်လာကာဖျက်ဆီးပစ်မည်ဖြစ်ကြောင်းလည်းပြောကြားခဲ့လေသည်။ ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက်နေ့တွင် ဗမာစစ်တပ်မှ ကရင်ပြည်နယ်အနောက်ပိုင်းရှိ KDHW မော်ဒေး စမ်းသပ်ရေးစခန်းကို သိမ်းပိုက်ခဲ့သည်။ ရွာသားများအနေဖြင့် ထိုသို့ဖျက်ဆီးခြင်းကို ဗမာစစ်တပ်နှင့် ဗဟိုအစိုးရတို့၏ ဝေးလံခေါင်ဖျားဒေသများမှ နိုင်ငံသားများကိုကူညီပံ့ပိုးလိုသည့် ဆန္ဒမရှိခြင်းကို ဖော်ပြနေသော သင်္ကေတတစ်ခုအနေဖြင့် တွေ့မြင်ခဲ့လေသည်။

ရောဂါနှင့်ပတ်သတ်၍ တုံ့ပြန်မှုကိုကြည့်ခြင်းအားဖြင့် ဤတစ်ကြိမ်တွင်လည်း စစ်တပ်နှင့်ဗဟိုအစိုးရတို့၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကိုပင်ခြိမ်းခြောက်မှုတစ်ခုအနေဖြင့် အသုံးပြုကာ အာဏာတည်တံ့ရေးနှင့် လူထုအပေါ်အမြတ်ထုတ်လိုသည့် ယင်းတို့၏ ဖိနှိပ်ချုပ်ခြယ်မှုအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်မှုကိုပြသနေပါသည်။



# ပိုကောင်းသောဘဝအတွက် သေခြင်းတရားကိုရင်ဆိုင်ခြင်း

*၂၀၁၇ခုနှစ်တွင် ဗမာစစ်တပ်သည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုအစီအစဉ်တစ်ခုကို စတင်ခဲ့ပြီး၊ လူပေါင်း ၇၅၀၀၀၀ ကျော်ကို အိမ်နီးချင်းနိုင်ငံဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ တိမ်းရှောင် ထွက်ပြေးကြစေရန်တွန်းအားပေးခဲ့ပါသည်။ ထိုသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ရိုဟင်ဂျာများသည် လျင်မြန်စွာဆောက်လုပ်ထားပြီး၊ရေရှည်တည်တံ့ကြံ့ခိုင်မှုနည်းသော ဒုက္ခသည်စခန်းများအတွင်းတွင် နေထိုင်ကြရလေသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နိုင်ငံသို့ပြန်လည်အပ်နှံရန် ဆွေးနွေးမှုများရှိသော်လည်း ရိုဟင်ဂျာများမြန်မာနိုင်ငံသို့ လုံခြုံစိတ်ချစွာပြန်လာနိုင်ရန် အာမခံချက် ပေးခြင်းပတ်သတ်၍တိုးတက်မှုမရှိခဲ့ပေ။ ယခုတွင် ရိုဟင်ဂျာပေါင်းတစ်သန်းနီးပါးသည် စခန်းများအတွင်းတွင်ဆက်လက်နေထိုင်နေရပြီး၊ သူတို့၏ ဘဝများကို ပြန်လည်တည်ဆောက်ရန် ရုန်းကန်ကြိုးစားလျက်ရှိပါသည်။*

*ပါတနာကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းမှ ပေးအပ်သော ဆောင်းပါး။*

သူတို့သည် နိုင်ငံသားဖြစ်ခွင့်အပြင် သူတို့၏မြေ၊ သူတို့၏ရိုးရာဓလေ့နှင့် အခြေခံအကျဆုံးသော လူ့အခွင့်အရေး တို့ကိုပါရုတ်သိမ်းခြင်းခံခဲ့ရပါသည်။ ယခုသူတို့သည် အသက်ကိုစွန့်ကာ ပင်လယ်ကို ကျော်ဖြတ်ပြီး ခိုလှုံရာကိုရှာဖွေနေကြပါသည်။ ၂၀၂၀ခုနှစ် ဖေဖြီလတွင် ရိုဟင်ဂျာ ရာနှင့်ချီကို မလေးရှားနိုင်ငံသို့ ဆိုက်ကပ်ရန်ရှိသည့်လှေများပေါ်တွင် အစာရေစာငတ်ပြတ်စွာနှင့် တွေ့ရှိခဲ့ကြလေသည်။

ပိုကောင်းသောဘဝကိုရရှိရန် သေခြင်းတရားကိုပင်စွန့်လွှတ်ရန် မည်သည့်အရာက သူတို့ကို ခြောက်လန့်တွန်းအားပေးနေပါသနည်း။

ရိုဟင်ဂျာတို့၏အဖြစ်အပျက်အား လွန်ခဲ့သောဆယ်စုနှစ်များစွာကတည်းက မတရားဆက်ဆံ ခံရခြင်း၊ ဖိနှိပ်ခြင်းတို့မှပြန်နှောင်းပြောဆိုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းမှ သူတို့၏ နေရပ်ဒေသများအတွင်းအကြမ်းဖက်မှုနှင့် ဖိနှိပ်ချုပ်ခြယ်မှုများမှ တိမ်းရှောင်ပြီးသည့်နောက်တွင် ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ဒုက္ခသည်စခန်းများအတွင်းတွင် မျှော်လင့်ချက် နှင့် အနာဂတ်မရှိပဲ နေထိုင်ကြခဲ့ကြရပါသည်။ သူတို့သည် စခန်းများကို စွန့်ခွာလာကြခြင်းမှာ သူတို့ထံတွင် အခြားရွေးချယ်စရာမရှိခြင်းကြောင့်ဖြစ်ပါသည်။ သူတို့သည် ရှင်သန်အသက်ရှင်ရန် လွတ်လပ်ခြင်းဟူသောအရာကို ရှူရှိုက်လိုသောမျှော်လင့်ခြင်းများရှိပါသည်။

ရိုဟင်ဂျာလူပ်ရှားတက်ကြွသူနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူတစ်ဦးဖြစ်သူ မိုဟာမက်အာဖက်က "ကျွန်တော်တို့လူမျိုးတွေဟာ လွတ်လပ်ခြင်းထက်ပိုပြီးဘာကိုမှ မလိုချင်ပါဘူး။ ဒါကြောင့် သူတို့ဟာ ပိုကောင်းမွန်တဲ့ဘဝကိုရှာဖွေဖို့အတွက် ဘယ်အရာကိုမဆိုလုပ်ကြည့်ဖို့ဆန္ဒရှိကြပါတယ်။ ဘယ်လောက်အန္တရာယ်ရှိရှိပေ့ါ။ ကျွန်တော်တို့မှာ ထပ်ပြီးဆုံးရှုံးဖို့လည်းဘာမှမရှိတော့ပါဘူး။" ဟုပြောကြားခဲ့ပါသည်။

မိုဟာမက်အာဖက်က သူ၏လူမျိုးများကြုံတွေ့နေရသောအခက်အခဲများနှင့်ပတ်သတ်ပြီး ပြောဆိုကာ သူတို့ထံအပြည်အပြည်ဆိုင်ရာအသိုင်းအဝိုင်းများမှအကူအညီများ ရောက်ရှိလာရန် "အန္တရာယ်ကိုသိရက်နှင့်လူတွေဟာလှေတွေပေါ် ခုန်တက်ကြတယ်။ ဒီအဖြစ်အပျက်တွေ  ဘယ်တော့ပြီးဆုံးမလဲ။ ကမ္ဘာကြီးက ဒီလူတွေပင်လယ်ထဲတွင်ဆိုးရွားစွာသေဆုံးနေရခြင်းကို ဘယ်လိုဆက်လက်ကြည့်ရှုနိုင်ကြမလဲ။ ကျွန်တော်တို့လည်း

## “အန္တရာယ်ကိုသိရက်နှင့်လူတို့သည် ထိုလှေများပေါ်သို့ခုန်တက်ခဲ့ကြသည်။ ဤအဖြစ်အပျက်သည် မည်သည့်အချိန်တွင်ပြီးဆုံးမည်နည်း။ ကမ္ဘာကြီးက ဤလူများပင်လယ်ထဲတွင်ဆိုးရွားစွာသေဆုံးနေရခြင်းကို မည်မျှဆက်လက်ကြည့်ရှုနိုင်ကြမည်နည်း။ ကျွန်ုပ်တို့သည် မြေကြီးပေါ်တွင်နေထိုင်ရန် အခွင့်အရေးရှိကြသည်မဟုတ်ပါသလော။”

မြေကြီးပေါ်မှာနေထိုင်ဖို့ အခွင့်အရေးရှိတယ်မဟုတ်ဘူးလား။” ဟု ပြောကြားခဲ့ပါသည်။

“ကျွန်တော့အနေနဲ့ ကမ္ဘာ့ခေါင်းဆောင်များနဲ့ ပေါ်လစီချမှတ်သူများထံသို့ပန်ကြားချင်တာကတော့ ရိုဟင်ဂျာများကို မိမိတို့ရဲ့ ညီအစ်ကိုမောင်နှမများသဖွယ်ယူဆပေးဖို့ပါပဲ။ ကျွန်တော်တို့ အကူအညီလိုအပ်ပါတယ် - ရိုဟင်ဂျာရာပေါင်းများစွာတို့ဟာလည်း ပင်လယ်ထဲမှာပဲစီးမျောနေကြတုန်းပါပဲ။ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းတစ်ခုလုံးဟာ လူကုန်ကူးခြင်း ပြဿနာအတွက် တာဝန်ရှိကြပါတယ်။ အကြောင်းကတော့လူသားအားလုံးဟာ သူတို့ဘယ်နိုင်ငံ သားပဲဖြစ်နေပါစေ သူတို့ဟာ ကာကွယ်ပေးခြင်းကို ခံယူသင့်တဲ့အတွက်ဖြစ်ပါတယ်။”

ရိုဟင်ဂျာတို့၏ ရှိနေသောအခြေအနေကို COVID-19 ကပ်ဘေးကြီးက ပိုဆိုးရွားစေခဲ့ပြီး၊ နေ့စဉ်နှင့်အမျှ စခန်းများနှင့်လှေပေါ်များတွင် စုပုံလျက်ရှိနေသည့်သူတို့အားခြိမ်းခြောက်လျက်ရှိပါသည်။ ဗိုင်းရပ်စ်ပိုးပျံ့ပွားမည်ကိုကြောက်ရွံ့နေရခြင်းက အကူအညီထောက်ပံ့ရေး အဖွဲ့အစည်းများစွာတို့၏ အစားအစာနှင့်အထောက်အပံ့များ ဖြန့်ဝေခြင်းတွင် နှေးကွေးခြင်း သို့မဟုတ် ဟန့်တားခံရခြင်းတို့အားလုံးဖြစ်ပေါ်စေခဲ့သဖြင့် ကျွန်ုပ်တို့၏ရိုဟင်ဂျာသူငယ်ချင်းများအတွက် ဘဝကိုပိုပြီးခက်ခဲလာစေခဲ့ပါသည်။

COVID-19 ကပ်ဘေးကြောင့်တည်ရှိလာသောလော့ခ်ဒေါင်းများက မြန်မာနိုင်ငံပြင်ပတွင် ဘေးကင်းလုံခြုံမှုကိုရှာဖွေခြင်းကို ပိုပြီး ခက်ခဲလာစေခဲ့သည်။ ထိုင်း၊ မလေးရှား နှင့် အင်ဒိုနီးရှားကမ်းခြေများသို့ရောက်ရှိလာသော ရိုဟင်ဂျာလှေအများစုသည် ဒေသခံအစိုးရများမှ ပင်လယ်သို့ပြန်ထွက်သွားစေရန် တွန်းပို့ခြင်းကိုသာခံရကြလေသည်။ Fortify Rights မှ မလေးရှားအစိုးရ၏ လှေဖြင့်ရောက်ရှိလာသောရိုဟင်ဂျာအုပ်စုတစ်စုအပေါ် တုံ့ပြန်မှုကိုဤသို့ တင်ပြခဲ့ပါသည်။

*ဧပြီလ ၁၆ရက်နေ့တွင် မလေးရှားအာဏာပိုင်များသည်ရိုဟင်ဂျာ ၂၀၀ ကျော်ပါရှိသော အခြားလှေတစ်စီးကိုရှာဖွေတွေ့ရှိခဲ့ပြီး နံနက် ၁၀း၃၀ ဝန်းကျင်တွင် ပင်လယ်ထဲသို့ပြန်လည် ထွက်ခွာရန် စေခိုင်းခဲ့လေသည်။ မလေးရှားတော်ဝင်လေတပ် (RMAF) ၏ဖော်ပြချက်အရ “RMAF နှင့် မလေးရှားတော်ဝင်ရေတပ်တို့သည် လှေကိုတိုင်းပြည်၏ရေပိုင်နက်အတွင်းသို့ မဝင်ရောက်လာစေရန်တားမြစ်ခဲ့ပြီး”၊ “ထိုသို့သော ရေပိုင်နက်ဧရိယာ စောင့်ကြည့်စစ်ဆေးမှုကို တိုးမြှင့်ဆောင်ရွက်မည် ဖြစ်ကြောင်း” ဖော်ပြခဲ့လေသည်။ ရိုဟင်ဂျာများသည် ဆက်လက်ပြီး မြန်မာနိုင်ငံအတွင်းတွင် လူမျိုးတုံးသတ်ဖြတ်မှုနှင့် အခြားသော အပြည်ပြည်ဆိုင်ရာ မှုခင်းများကိုဆက်လက်ရင်ဆိုင်နေရပြီး၊ သူတို့ ရွှေ့ပြောင်း သွားလာနိုင်သောလမ်းကြောင်းများသည် ပိတ်ဆို့ခြင်းကိုဆက်လက်ခံနေရဆဲဖြစ်သည်။ ခေါ့ဘဇားပြည်နယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာဒုက္ခသည်တစ်သန်းကျော်တို့အား အစိုးရမှဆက်လက်ပြီး အင်တာနက်နှင့် မိုဘိုင်းဖုန်းအဆက် အသွယ် ရရှိမှုကို ကန့်သတ်တားမြစ်ထားသဖြင့်၊ အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေနှင့် COVID-19 ပျံ့နှံ့နိုင်ချေတို့ကိုပိုမိုတိုးပွားလာစေခဲ့ပါသည်။*

အစာအာဟာရမပြည့်ဝမှု၊ ရေဓါတ်ခမ်းခြောက်မှုနှင့် သေခြင်းလက်တစ်ကမ်းတွင်တည်ရှိနေသော လှေနှင့်အပြည့်ရိုဟင်ဂျာဒုက္ခသည်များသည် ပင်လယ်တွင်းသို့သေခြင်းတရားကို ရင်ဆိုင်ရန် ပြန်လည်ထွက်ခွာနေရပါသည်။ ဤအဖြစ်အပျက်သည် ၂၀၁၅ခုနှစ်တွင် ဖြစ်ပွားခဲ့ပြီး၊ ကိုရိုနာဗိုင်းရပ်စ်ကို ကြောက်ရွံ့ရခြင်းတစ်စိတ်တစ်ဒေသအနေဖြင့် ယနေ့တွင်လည်းတဖန်ထပ်မံ ဖြစ်ပေါ်လာခဲ့ပါသည်။

အစုလိုက်အပြုံလိုက် လှေပေါ်တွင်ငတ်ပြတ်နေသောဒုက္ခသည်များအား ပင်လယ်တွင်းသို့ ပြန်လည်တွန်းပို့လိုက်ခြင်းသည် သေဒဏ်ချမှတ်လိုက်ခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အာဖက်ကဲ့သို့သောပြောကြားသူများနှင့်အတူ ပူးပေါင်းကာ ရိုဟင်ဂျာဒုက္ခသည်များ အပေါ်အကာအကွယ်ကိုချက်ချင်းပေးအပ်ကြရန်အကူအညီတောင်းခံအပ်ပါသည်။ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းမှ ရိုဟင်ဂျာတို့ကို အရေးအကြီးဆုံး ကိစ္စတစ်ရပ်အနေဖြင့်ထားရှိပြီး၊ အစိုးရအား သူတို့၏လုပ်ရပ်အတွက် တာဝန်ယူခိုင်းစေမည့်အချိန်တိုင်အောင်၊ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၊ သွန်သင်ခြင်း၊ ဖြန့်ဝေခြင်း၊ ကုသခြင်းနှင့် မျှော်လင့်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်နေမည်ဖြစ်ပါသည်။ သူတို့၏ဘဝများအတွက် ပင်လယ်အတွင်းတွင် စွန့်စားထွက်ခွာနေခြင်းထက် မြေပြင်တွင်ပိုပြီး အခြေအနေကောင်းမွန်စေရန် ကျွန်ုပ်တို့ ရှေ့ဆက် တိုက်တွန်းလုပ်ဆောင်သွားမည်ဖြစ်သည်။

COVID-19 အားအခွင့်အရေးတစ်ခုအနေဖြင့် အကြောင်းပြုပြီး ကမ္ဘာပေါ်မှ အကာအကွယ်အမဲ့ဆုံး သူ၊ မတရားအခံရဆုံးသောသူအချို့တို့ကိုလုံခြုံမှုပေးအပ်ရန်ငြင်းဆန်နေခြင်းသည် လက်သင့်ခံနိုင်သည့်အရာမဟုတ်ပေ။ အထူးသဖြင့် ဤသို့သောအချိန်များတွင် ကျွန်ုပ်တို့သည် ဒုက္ခသည်များနှင့် နိုင်ငံခြားသားများကို ကြောက်ရွံ့နေရမည့်အချိန်မဟုတ်ပဲ၊ အကူအညီအမဲ့ဆုံးနှင့် ဒုက္ခအရောက်ဆုံးသူများအတွက် တည်ငြိမ်စွာရပ်တည်ပေးနေရမည့်အချိန် ဖြစ်လေသည်။

ကြောက်ရွံ့ခြင်း၏မောင်းနှင်ခြင်းကို မခံရပါစေနှင့်။ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များတွင် ချစ်ခြင်းမေတ္တာကို သွန်းလောင်းပေးပါ။

# မြန်မာနိုင်ငံ အနောက်ဖက်

## ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုပြီးနောက်၊ ဗမာစစ်တပ်မှ ရခိုင်ရွာသားများအားဦးတည်တိုက်ခိုက်မှု။

မြန်မာနိုင်ငံအနောက်ပိုင်းတွင် ရခိုင်စစ်တပ်နှင့် မြန်မာစစ်တပ်တို့ကြားအရှိန်မြင့်လာသောပဋိပက္ခသည် အချင်းချင်းအပြန်အလှန်ပစ်ခတ်မှုထဲတွင်ပိတ်မိနေသော ရခိုင်နှင့်ချင်းပြည်နယ်နှစ်ခုလုံးရှိဒေသခံများအတွက် ဒုက္ခများကိုဖြစ်ပေါ်စေသည်။ ဒေသခံအများအပြားတို့သည် ဒေသတစ်လျှောက်ရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ (IDP)စခန်းများတွင် ခိုလှုံရာ ရှာဖွေကြရလေသည်။ သို့ရာတွင် တိုးပွားများပြားလာသော လူဦးရေကြောင့် ဒုက္ခသည်စခန်းများ၏ အရင်းအမြစ်များကိုလျော့နည်းသွာစေခဲ့သည်။

၂၀၂၀ခုနှစ် အောက်တိုဘာလ၁၉ရက်နေ့တွင် အသက်၆နှစ်အရွယ်ယောကျာ်းလေးတစ်ဦးသည် သူ၏အိမ်နီးပတ်ဝန်းကျင်တွင် ပေါက်ကွဲခဲ့သော လက်နက်ကျည်ဆံပေါက်ကွဲထိမှန်မှုကြောင့် အသက်သေဆုံးခဲ့ရသည်။ သူ၏ဖခင်နှင့် အမျိုးသမီးတစ်ဦးတို့သည်လည်း ထိုပေါက်ကွဲမှုတွင် ဒဏ်ရာရခဲ့ကြပြီး ဆေးရုံသို့ပို့ဆောင်ခြင်းခံခဲ့ရသည်။

## ရိုဟင်ဂျာတို့ အားလူမနေသောကျွန်းပေါ်သို့ ပြောင်းရွှေခြင်းခံရမည့်အခြေအနေကိုရင်ဆိုင်နေရခြင်း။

လွန်ခဲ့သည့်သုံးနှစ်ခွဲ ၂၀၁၇ခုနှစ် တွင်ဗမာစစ်တပ်သည် ရိုဟင်ဂျာတို့ကိုဆန့်ကျင်သော လူမျိုးတုံးသတ်ဖြတ်မှုအစီအစဉ်တစ်ခုကို စတင်ခဲ့ကာ မုဆလင်အများစုပါဝင်သော ရိုဟင်ဂျာ ရွာသား ၇၀၀၀၀၀ တို့သည် သုံးလအတွင်းတွင် တောင်ပိုင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြရလေသည်။ သူတို့သည် ထိုနယ်စပ်တစ်ဖက်တွင် ရှိနေသော ခိုလှုံခွင့် တောင်းခံထားသည့် အခြားသော ရှိနှင့်နေပြီးသား ရိုဟင်ဂျာဒုက္ခသည်များနှင့် သွားရောက် နေထိုင်ကြသည်။ ဦးဆောင်ပြုလုပ်သောအကြမ်းဖက်မှုမှတဆင့် ၂၀၁၆ခုနှစ်တွင်လူပေါင်း ၆၉၀၀၀ နီးပါး ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ယနေ့တွင် လူပေါင်းတစ်သန်းကျော်တို့သည် ကမ္ဘာ့အကြီးဆုံးဒုက္ခသည်စခန်းများဖြစ်သော လူဦးရေထူထပ်ကြပ်ညှပ်နေသည့် ဒုက္ခသည်စခန်းတွင် နေထိုင်နေကြရလေသည်။



ရခိုင်ပြည်နယ်အတွင်းသို့ ရိုဟင်ဂျာများပြန်လည်ဝင်ရောက်နိုင်ရေးနှင့်ပတ်သတ်ပြီး တိုးတက်မှုမရှိသလောက်ပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိသူတို့၏အိမ်နှင့်မြေတို့သည် ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်းခံခဲ့ရပြီး၊ သူတို့အားနိုင်ငံသားအဖြစ်ငြင်းပယ်ခြင်းခံခဲ့ရကာ၊ ရခိုင်ပြည်နယ်သည်လည်း ဆက်လက်ဖြစ်ပေါ်နေသော ပဋိပက္ခများကြားတွင် လုံခြုံမှုမရှိသော တည်ငြိမ်မှုမရှိသော အခြေအနေတွင်ဆက်လက်တည်ရှိနေပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းတွင် အစိုးရသည် ဒုက္ခသည်များအပေါ်တွင် ဖိအားများဆက်လက်ပေးနေပြီး စခန်းအတွင်းတွင်လူတို့အား သွပ်သွင်းရန် လုံခြုံရေးဆိုင်ရာစည်းကမ်းများတိုးမြှင့် လာခဲ့လေသည်။ ပိုကြီးသော စခန်းများကို စည်းရိုးများဖြင့် ဝန်းရံထားပြီး၊ ဝင်ထွက်သွားလာရန် သက်သေခံစာရွက်များကို လိုအပ်လေသည်။ ထိုသို့သော မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလိုအပ်ချက်များက သူတို့လိုအပ်သောအလုပ်များ သို့မဟုတ် စခန်းပြင်ပမှ ကျန်းမာရေးဝန်ဆောင်မှုများကိုရရှိနိုင်ရန်၊ သွားလာနိုင်ရန်တို့ကို ဆိုးရွားစွာ ကန့်သတ်ထားမှုကိုဖြစ်ပေါ်စေလေသည်။

ဒုက္ခသည်များ မိမိတို့နေအိမ်သို့မည်သည့်အချိန်တွင်ပြန်လာနိုင်မည်ဆိုသည့် နည်းပါးသော

***Opposite page:*** *ဘာဆန်ချား ကျွန်းပေါ်သို့ နေရာချထားရွှေ့ပြောင်းခြင်းခံရမည့် ရိုဟင်ဂျာဒုက္ခသည်များအတွက် ဆောက်လုပ်ထားသော အကွက်အရှည်အလိုက် ပုံစံအိမ်ရာများ တည်ဆောက်မှုပြီးစီးထားရှိမှုကို ဂြိုလ်ထုမှတဆင့်မြင်တွေ့ရပုံ။ ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ၇ရက် တွင် ရရှိသောဂြိုလ်တုဓါတ်ပုံ။*

မျှော်လင့်ချက်လေးဖြင့် - ၂၀၁၉ခုနှစ်နှောင်းပိုင်းတွင် - မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကြား နိုင်ငံသို့ပြန်လည် ပို့ဆောင်ရန်သဘော တူညီချက် ပျက်သုဉ်းခဲ့ပြီး - ဘင်္ဂလားဒေ့ရှ်အစိုးရသည် ခေါ့ဘဇား ဒေသကို လူဦးရေလျှော့ချရန် မျှော်လင့်ချက်ဖြင့် အခြားသောပြန် လည်နေရာချထားရေးအစီအစဉ်တစ်ခုကို စတင်အကောင်အထည် ဖော်ခဲ့လေသည်။ ၂၀၁၆ခုနှစ်နှောင်းပိုင်း ဒုက္ခသည် အများအပြား စတင်ဝင်ရောက်လာမှုကိုတုံ့ပြန်သည့်အနေဖြင့် ဘူဆန်ချားကျွန်းတွင် ပြောင်းလဲနေရာချထားရေးအစီအစဉ်ကို ၂၀၁၇ခုနှစ်အစောပိုင်းတွင် ပထမဆုံးမိတ်ဆက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်း အတွင်း လူ့အခွင့်အရေးအုပ်စုများထံမှ တစ်ညီတစ်ညွတ်တည်းနီးပါး သဘောတူညီခြင်းမရှိသော်ငြား လည်း၊ ၂၀၂၀ခုနှစ် ဒီဇင်ဘာလ၄ရက် နေ့တွင် ဘင်္ဂလားဒေ့ရှ်အစိုးရမှလူဦးရေ ၁၆၀၀ ကျော်ပါဝင်သည့် ပထမဆုံး ရိုဟင်ဂျာအုပ်စုကို ဘင်္ဂလားပင်လယ်အော်မြောက်အစွန်း ပိုင်းရှိ ဂေးလံခေါင်ဖျားသော ကျွန်းပေါ်သို့ ရွှေ့ပြောင်းခဲ့သည်။ ယင်းရွှေ့ပြောင်းမှုသည် မိမိဆန္ဒအလျောက်လော သို့မဟုတ် အတင်း ရွှေ့ပြောင်းနေရာချခဲ့ခြင်းလော ဆိုသည်မှာမူ ရှင်းလင်းစွာ မသိရှိရသေးပေ။

ဘူဆန်ချာ၊ ၏အနောက်ဘက်တွင်တည်ရှိသော ခြစ်တဂေါ် (သယ်ဂါခဂျာဟုလည်းလူသိများသော) သည် လွန်ခဲ့သော အနှစ်၂၀ မျှခန့်ကသာ ပေါ်ထွက်လာသောကျွန်းငယ်တစ်ခုဖြစ်ပြီး မဲဂမြစ်၏ မြစ်ဝသို့ ဝင်ရောက်သွားသည့် ဟိမဝန္တာရွှံ့နွံမှဖြစ်တည်လာခြင်းဖြစ် သည်။ မိုးရာသီတွင် ကျွန်း၏အပိုင်းအချို့တို့သည် လုံးဝရေထဲနစ်မြုပ် သွားလေ့ရှိလေသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် သတင်းဂျာနယ် သမားများနှင့် ရိုဟင်ဂျာခေါင်းဆောင်များအား ထိုကျွန်း၏ခံနိုင်ရည်ကို စမ်းသပ်နိုင်ခွင့်နှင့်သွားရောက်ခွင့်တို့ကို တားမြစ်ထားပြီး၊ ဒေါ်လာ ၃၅၀ သန်းကိုအသုံးပြုကာ လူဦးရေ ၁၀၀၀၀၀ တို့နေထိုင်နိုင်မည့် ကျွန်းဖြစ်အောင် လုပ်ဆောင်ခဲ့ကြောင်းဖော်ပြထားခဲ့သည်။ ဘင်္ဂလား ဒေ့ရှ်အစိုးရအရာရှိတစ်ဦးက ရိုဟင်ဂျာများသည် ထိုကျွန်းပေါ်သို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် နေရပ်ပြန်လည်ရောက်ရှိရေးသို့မဟုတ် နေရာပြန်လည် ချထားရေးတို့မှလွဲပြီး ကျွန်းမှထွက်ခွာခြင်းပေးမည် မဟုတ်ကြောင်း ဖော်ပြခဲ့လေသည်။

၂၀၁၉ခုနှစ်တွင် ကျွန်းပေါ်သို့သွားရောက်ပြီးသည့်နောက်တွင် ယခင်မြန်မာနိုင်ငံအတွင်း လူ့အခွင့်အ ရေးအခြေအနေများအပေါ် UN အထူး ပြောရေးဆိုခွင့်ရှိသူ ယမ်ဟီးလီးက "ဆိုးရွားစွာ စီစဉ်ထားသော ပြန်လည်နေရာချထားရေးဖြစ်ပြီး ဒုက္ခသည်များ၏သဘောဆန္ဒမပါပဲ ပြန်လည် နေရာချထားခြင်းသည် ပဋိပက္ခအသစ်ကို ဖန်တီးပေးလာ နိုင်ပါသည်။" ဟုဖော်ပြခဲ့ပါသည်။

### ချင်းလူမျိုးရွာသားများ ဆက်လက်နေရာရွှေ့ ပြောင်း နေထိုင် နေရပြီး၊ ဗမာစစ်တပ်များနှင့် မြေပိုင်ဆိုင်မှု အခွင့်အရေးများ ဆက်လက်ယှဉ်ပြိုင်နေရဆဲ။

ဗမာစစ်တပ်နှင့်ရခိုင်စစ်တပ်ကြားတိုက်ခိုက်မှုများဆက်လက်ဖြစ် ပွားနေသော်လည်း ချင်းပြည်နယ်၏ အချို့ဒေသများတွင် တိုက်ခိုက် မှုများလျော့နည်းလာသည်ကိုမြင်တွေ့နေရပါသည်။ ဆမီး IDPစခန်းမှ IDP များအနေဖြင့် အတိုက်အခိုက်များလျော့နည်းလာခြင်းကမိမိတို့ကို အိမ်ပြန်ခွင့်ပြုမည့် အခြေအနေဖြစ်သည်ဟု မျှော်လင့်နေကြပါသည်။ သို့ရာတွင် ဗမာစစ်တပ်အနေဖြင့် IDP များမိမိတို့ ကျေးရွာသို့ပြန်ခွင့် ကိုမပေးအပ်ခဲ့ပေ။  စခန်းများတွင်ဆက်လက် နေထိုင်ကြရသော





***This page:*** *ဗမာစစ်တပ်၏တိုက်ခိုက်မှုမှထွက်ပြေးတိမ်းရှောင်ပြီးနောက်ချင်းလူမျိုးရွာသားများ တောတွင်းတွင် သစ်ရှာကာ အခြေချနေထိုင်ရန်ဆောင်ရွက်နေခြင်း။*

***Opposite page:*** *ရိုဟင်ဂျာဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိယင်းတို့၏ဒုက္ခသည်စခန်းများအတွင်းတွင် အသစ်တူးထားသောရေပိုက်များမှ ရေများခပ်ယူနေစဉ်။*

ရွာသားများသည် ငွေကြေးအရင်းအမြစ်များမရှိကြပဲ ထိုသို့ငွေကြေးမရှိခြင်းကြောင့် စားစရာမရှိခြင်းကိုရင်ဆိုင်ကြုံတွေ့နေရပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ကဲ့သို့သော အဖွဲ့အစည်းများက ရွာသားများကို ကူညီပြီး စားစရာဆန်ကိုထောက်ပံ့လျက်ရှိပါသည်။

ပလက်ဝမြို့ရှိရွာသားများနှင့် ချင်းပြည်နယ်အခြားသောအပိုင်းများမှရွာသားများသည်အသွားအလာ ကန့်သတ်ခြင်းနှင့် သွားလာရေးပိတ်ဆို့ခြင်းတို့ကြောင့် အစားအစာနှင့်ရေများအထောက်အပံ့ပစ္စည်းများရရှိနိုင်မှုပြတ်တောက်ကာ အလားတူပြဿနာများကိုရင်ဆိုင်ရလျက်ရှိပါသည်။ ရွာသားများ တပ်ဖွဲ့များ မိမိတို့နယ်မြေအနီးတွင်သွားလာနေမှုရှိခြင်းတို့ကြောင့် ပစ္စည်းများရောင်းချရန် သို့မဟုတ် ထွန်ယက်စိုက်ပျိုးရန်သွားလာနိုင်ခြင်းမရှိကြသဖြင့် ငွေကြေးများဆုံးရှုံးလျက်ရှိကြောင်းလည်းဖော်ပြ ကြပါသည်။ ပလက်ဝမြို့သို့ဘတ်စ်ကားဖြင့်သွားလာနိုင်မှုရပ်တန့်ခဲ့ပြီး အခြားသော သယ်ယူပို့ဆောင်ရေးနည်းလမ်းများအတွက် လည်း အထူးခွင့်ပြုချက်များကိုလိုအပ်လေသည်။

အစားအစာနှင့် ငွေကြေးဆုံးရှုံးခြင်းအပြင် ရွာသားများသည် ဗမာအစိုးရနှင့် မြေပိုင်ဆိုင်မှုအခွင့် အရေးများပေါ်တွင်လည်း တရားရင်ဆိုင်ခြင်းများကို ပြုလုပ်နေရပါသည်။ ဗမာစစ်တပ်သည် ရွာသားများ၏မြေကို ရှုပ်ထွေးသောနည်းဥပဒေဖြင့်လည်းကောင်း သို့မဟုတ် မြေပိုင်ဆိုင်ကြောင်း အထောက်အထားစာရွက်စာတမ်းများကို လျစ်လျူရှုခြင်းဖြင့် လည်းကောင်း ယူဆောင်လျက်ရှိပါသည်။ ဒေသခံများသည် မိမိတို့၏မြေကိုကာကွယ်ရန်ကြိုးစားလျှင် သို့မဟုတ် စစ်တပ်ကို တရားရင်ဆိုင်ရန်ကြိုးစားခဲ့သည်ရှိသော် စစ်တပ်နှင့် ဒေသခံရဲတို့၏မတရားနှိပ်စက်ခြင်းကို ခံရလေသည်။

အသက် ၅၆နှစ်အရွယ် ချင်းလယ်သမားတစ်ဦးဖြစ်သူ ဦးကျောက်လှသည် မိမိပိုင်ဆိုင်သော မြေကို ပြန်လည်တောင်းဆိုရန်လုပ်ဆောင်နေသော ထိုသို့သောရွာသားများထဲက တစ်ဦးဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ဦးကျော်လှသည် မြေပိုင်ရှင်ဖြစ်ကြောင်းစာရွက်စာတမ်းအထောက်အထားရှိ သော်လည်း အမှတ် (၆)ဆက်သွယ်ရေးတပ်ရင်း၏ ခေါ်ဆောင်ခြင်းကိုခံခဲ့ရလေသည်။၂၀၁၉ခုနှစ် ဒီဇင်ဘာလတွင် ဦးကျောက်လှသည် တရားရုံးတွင်အမှုရင်ဆိုင်အနိုင်ရခဲ့လေသည်။

၂၀၂၀ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စစ်တပ်သည် သူ၏မြေကို ခြံစည်းရိုးခတ်ကာ သိမ်းယူ ရန်ကြိုးစားခဲ့လေသည်။ ဦးကျောက်လှသည် တဖန် သူ၏မြေပိုင်ဆိုင်မှု အထောက်အထားကိုပြကာ ၂၀၁၉ ခုနှစ်အမှုတွင်အနိုင်ရရှိခဲ့ကြောင်းကိုပြောပြလေသည်။ ယင်းကိုတုံ့ပြန်သည့် အနေဖြင့် မြန်မာစစ်တပ်ဗိုလ်ကြီး မျိုးမင်းဦးက ဦးကျောက်လှကို ကလေးမြို့ခရိုင်တရားရုံးတွင် အမှုဖွင့်ခဲ့ပြီး ကလေးမြို့ခရိုင်ရဲမှ ဦးကျောက်လှကိုခေါ်ယူစေခဲ့ကာ ပိုမိုရှင်းလင်းချက်များပေးရန် ဖိအားပေးခဲ့လေသည်။

ပို၍ စိုးရိမ်ရသည်မှာ ရခိုင်စစ်တပ်နှင့် မြန်မာစစ်တပ်တို့ကြားပဋိပက္ခများကြောင့် ချင်းပြည်နယ်အတွင်း သို့လွှင့်စင်လာသောပဋိပက္ခများမှတဆင့်သေဆုံးခဲ့ရသော နိုင်ငံသားအရေအတွက် ပင်ဖြစ်သည်။ ၂၀၂၀ခုနှစ်တွင် ချင်းပြည်နယ်အတွင်းတွင် လေကြောင်းတိုက်ခိုက်မှုနှင့် ကျေးရွာများ အပေါ် သက်ရောက်ခဲ့သော အကျိုးအကြောင်းမရှိပစ်ခတ်မှုများကြောင့် အမျိုးသမီးနှင့်ကလေးများ အပါအဝင် လူပေါင်း ၈၀ ကျော်သေဆုံးခဲ့ရပါသည်။

ပဋိပက္ခဒေသများအတွင်းရှိမြန်မာစစ်တပ်၏ အကြောင်းမဲ့အကြမ်းဖက်မှုကြောင့် နိုင်ငံသားများ ဆက်လက်အသက်ဆုံးရှုံးနေရခြင်းနှင့်၊ မြေယာပိုင်ဆိုင်ခွင့်များကို ချိုးဖောက်ခြင်း နှင့် ပဋိပက္ခဖြစ်ပွားနေသည့်ဒေသမဟုတ်သောဒေသများတွင် အခြေခံလွတ်လပ်ခွင့်များကိုငြင်းဆန်နေခြင်းက ဗမာစစ်တပ်နှင့် မြန်မာဗဟိုအစိုးရတို့၏ တိုင်းပြည်အကျိုးအတွက်မဟုတ်ပဲမိမိတို့၏ အကျိုးအတွက် အာဏာကိုမည်သည့်နေရာမဆို၊ မည်သည့်ပုံစံဖြင့်မဆို ခိုင်မာစေရန်အတွက်လုပ်ဆောင်မည်ဟူသောဆုံးဖြတ်ချက်ကိုဖော်ပြနေပါသည်။



# ရေပိုက်များဖြင့်လုံခြုံမှုကို ပေးခြင်း

၂၀၂၂ခုနှစ်တွင် ရိုဟင်ဂျာကယ်ဆယ်ရေးလုပ်သားအဖွဲ့ တစ်ဖွဲ့သည် ရေပိုက်နှင့်ရေတွင်း ၁၅ခုတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်း ရိုဟင်ဂျာဒုက္ခသည်စခန်းသုံးခုတို့တွင် တပ်ဆင်တူး ဖော်ခဲ့ပါသည်။ ထိုရေပိုက်များသည် ဒုက္ခသည်စခန်းအတွင်းမှမိသားစုပေါင်း ၅၃၇စုကို ယခုအခါတွင် ထောက်ပံ့လျက်ရှိပါသည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များထဲမှတစ်ဦးက လုပ်ငန်းနှင့်ပတ်သတ်၍ ဤသို့ပြောကြားခဲ့ပါသည်။

“နွေရာသီမှာ စခန်းထဲက ရေလှောင်ကန်တွေညစ်ညမ်းလာပြီး၊ ခြောက်သွေ့လာလို့ လူတွေ ရေရဖို့ ရေတွင်းငယ်တွေကို စတင်တူးဖော်လာကြတယ်။ ဒါပေမဲ့ ရေတွေက သောက်သုံးဖို့ သို့မဟုတ် နေ့စဉ် အသုံးပြုဖို့မသင့်လျော်ဘူး။ မိုးရာသီကာလ အတွင်းမှာ ရေတွင်းတွေပွက်ထလာပြီးကွဲအက်လာသည်။  ကျွန်တော်တို့ ဒီပြဿနာတွေကိုဖြေရှင်းဖို့ လူတို့ သန့်ရှင်းသော ရေရဖို့အတွက် ပိုပြီး ကြံ့ခိုင်တဲ့ရေတွင်းအသစ်တွေကို ဘိလပ်မြေ၊ ပိုက်နှင့် ရေစစ်တို့နဲ့တပ်ဆင် တူးဖော်တည်ဆောက် ပေးဖို့ စီစဉ် ခဲ့ပါတယ်။”



“ထောက်ပံ့မှုအကန့်အသတ်ပဲရှိလို့ အချို့ရိုဟင်ဂျာတွေဟာ ဒေသခံ ဘင်္ဂလားဒေ့ရှ်လူမျိုးတွေဆီမှာ ရေဝယ်ဖို့ ညဘက်တွေမှာ ရွာကိုသွားကြရတယ်။ ဒီလိုသွားတာဟာလုံခြုံမှု မရှိပါဘူး။ အထူးသဖြင့် အမျိုးသမီးများဟာ သွားတဲ့လမ်းမှာအနှောင့် အယှက်ခံရတတ်ပြီး၊ တစ်ခါတစ်ရံမှာ အဓမ္မကျင့်ခြင်းကို ခံရတတ်ပါတယ်။ ဒါကြောင့် စခန်းအတွင်းတူးဖော်တည်ဆောက်ထားတဲ့ ရေတွင်းအသစ်တွေဟာ လူတွေကို ပိုပြီးစိတ်ချလုံခြုံမှုကိုပေးလျက်ရှိပါတယ်။”

# မြန်မာနိုင်ငံအနောက်ဖက်မှ အသံများ

*ချင်းပြည်နယ်မှပြည်သူလူထုတို့သည် မြန်မာစစ်တပ်ဂျက်လေယာဉ်များပလက်ဝမြို့ တစ်ဝှမ်းရှိရွာများအပေါ်သို့ ပစ်ခတ်မှုကြောင့် ထပ်ခါတလဲလဲ ထွက်ပြေးတိမ်းရှောင်ရန်တွန်းအားပေးခြင်းခံခဲ့ရသည်။ ရခိုင်စစ်တပ်နှင့် မြန်မာစစ်တပ်တို့ကြား အရှိန်မြင့်တက်လာသော ပဋိပက္ခသည် အပြန်အလှန်ပစ်ခတ်မှုများကြောင့်ချောင်ပိတ်နေသော ဒေသခံလူများအပေါ်သို့ဒုက္ခကြီးသက်ရောက်စေခဲ့သည်။ ၂၀၂၃ခုနှစ်၊ မတ်လ၁၅ရက်နေ့၊ ဆိတ်ငြိမ်သက်နေသော တနင်္ဂနွေ နေ့လည်တစ်ခုတွင် မြန်မာစစ်တပ်ဂျက်လေယာဉ်များသည် ကောင်းကင်ပြင်ကိုထိုးဖောက်ကာ ပလက်ဝမြို့ရှိရွာသားများနေထိုင်သောရွာများအပေါ်သို့ဗုံးများပစ်ချခဲ့လေသည်။ ထိုတိုက်ခိုက်မှုမှအသက်ရှင်ကျန်ရစ်ခဲ့သောသူနှစ်ဦး၏အကြောင်းကိုဆက်လက်ဖော်ပြပါမည်။*

## ဒေါ်ခင်တင်ဦး

"ကျွန်မချင်းပြည်နယ်၊ ပလက်ဝမြို့၊ မိစနစ်ရွာကဖြစ်ပါတယ်။ ကျွန်မတို့ဟာမြန်မာစစ်တပ်ဂျက် လေယာဉ်များက ကျွန်မတို့ရွာအပေါ်ပုံသန်းဗုံးချခဲ့ပြီးနောက် စမီး (IDP)စခန်းကို ၂၀၂၃ခုနှစ်၊ မတ်လ၁၅ရက်နေ့မှာရောက်ရှိလာခဲ့ပါတယ်။ ကျွန်မမှာကလေး ရှစ်ယောက်ရှိပါတယ်။ ယောကျ်ား ကတော့ ကျွန်မတို့ အိမ်ပေါ်ဗုံးကျခဲ့ရပြီး သေဆုံးခဲ့ပါတယ်။ ဗုံးကိုပစ်ချလိုက်တဲ့အချိန်မှာ ကျွန်မနဲ့ ကျွန်မယောကျ်ားဟာ အိမ်ထဲမှာအတူတူ မတ်တပ်ရပ်နေခဲ့ပါတယ်။ ဗုံးဟာပြုတ်ကျလာပြီး သူ့ကိုထိမှန်သွားပြီး၊ ကျွန်မတို့နှစ်ယောက်ဟာ ထာဝရကွဲကွာသွားခဲ့ရပါတယ်။ ကျွန်မကလေးတွေကိုလိုက်လံစုစည်းပြီး၊ ဂျက်လေယာဉ်တွေရွာအပေါ်ဗုံးချနေဆဲအချိန်မှာ လုံခြုံတဲ့နေရာ ကိုရောက်အောင်ခေါ်ဆောင်ခဲ့ပါတယ်။ ကလေးတွေက သူတို့အဖေ ဘယ်မှာလဲဆိုတာကိုကျွန်မကို တစ်ချိန်လုံးမေးနေခဲ့ပါတယ်။ ကျွန်မတို့တောထဲကနေတဆင့်စမီး စခန်းကိုထွက်ပြေး တိမ်းရှောင်ခဲ့ကြပါတယ်။ ဒါတောင်မှ ကျွန်မတို့ဟာလုံခြုံမှုမရကြသေးပါဘူး။ ကျွန်မသမီးလေးဟာ အသက်ငါးလပဲရှိပြီး၊ သူမအတွက်လုံလောက်တဲ့နို့ရည်ကိုကျွန်မပေးနိုင်ခဲ့ပါဘူး။ သူမကိုနို့ဂယ်ပေးဖို့ ပိုက်ဆံလည်း မရှိတဲ့အတွက်သူမဟာဆာလောင်မှုနဲ့ငိုကြွေးနေခဲ့ ပါတယ်။ ကျွန်မကလေးတွေဟာ သူတို့အဖေ မသေသေးဘူးဆိုပြီးမျှော်လင့်နေကြဆဲပါပဲ။ သူတို့ဟာသူတို့အဖေအတွက်ငို ကြွေးကြပြီး သူ့ကို ပြန်သွားရှာချင်နေကြတယ်။ ဒါပေမဲ့ သူဆုံးပြီဆိုတာကိုကျွန်မသိတယ်။ သူဆုံးတာကို ကျွန်မတွေ့ခဲ့တယ်။ ကျွန်မတို့ ငတ်ပြတ်သွားမှာကိုကျွန်မကြောက်တယ်။ ဒီစခန်းကို ကျွန်မတို့ မစွန့်ခွာနိုင်ဘူး။ အကူအညီတွေမရှိဘူးဆိုရင် ဒီစခန်းမှာ အစားအစာ တွေပြတ်တောက် ကုန်မယ်ဆိုရင် ကျွန်မတို့စားစရာဘာမှရှိတော့မှာမဟုတ်ဘူး။"

## မာလား

"၂၀၂၃ခုနှစ် မတ်လ ၁၅ရက်နေ့ ညနေ၃နာရီမှာ မြန်မာစစ်တပ်ဂျက်လေယာဉ်တွေဟာ ကျွန်မတို့ ကျေးရွာအပေါ်ဗုံးကြဲခဲ့ပါတယ်။ ရွာသားကိုးဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဗုံးကိုကြဲချ လိုက်တဲ့ အချိန်မှာ ပွဲတင်သံတွေထွက်လာပါတယ်။ ကျွန်မတို့ဘေးက အိမ်တွေ မြေကြီးထိပြိုကျသွားပါတယ်။ မီးခိုးတွေကြောင့် ကျွန်မတို့ဘာမှ မမြင်ရတော့ပါဘူး။ တစ်ယောက်နဲ့ တစ်ယောက်လည်းရှာလို့မတွေ့ကြပါဘူး။ အသံကကျယ်လွန်းအားကြီးလို့ ကျွန်မအသံကိုပဲ ကျွန်မပြန်ကြားရပါတယ်။ ဒါပေမဲ့ သေသူတွေရဲ့ အော်သံကို ကြားနေရတယ်လို့ခံစားမိပါတယ်။ ကျွန်မတို့အားလုံးကြောက်လန့်နေကြရပြီး တောထဲကိုထွက်ပြေးကြရပါတယ်။ အကြောင်းကတော့ ဂျက်လေယာဉ်တွေဟာ စက်ဝိုင်းလိုပတ်ပြီးဗုံးတွေကို ပစ်ချနေလို့ပါပဲ။ ကျွန်မတို့ဟာအမှောင်ထဲမှာ ထွက်ပြေးကြရပါတယ်။ အလင်းရောင် အသုံးမပြုတဲ့အတွက် ကျွန်မတို့ လှုပ်ရှားတာကို မြန်မာ စစ်တပ်ကမမြင်ရပါဘူး။ ကျွန်မတို့ဟာ မတ်လ၁၅ရက်ကနေ မတ်လ၁၆ရက်ညနေ အထိပြေးခဲ့ကြရပါတယ်။ ကျွန်မတို့ကလေးတွေနဲ့ ထွက်ပြေးခဲ့ရပြီး၊ စမီး IDPစခန်းကိုရောက်တဲ့အထိ ကျွန်မတို့မှာ ဘာအစားအစာမှမရှိပါဘူး။ အခုကျွန်မတို့ဟာ စခန်းမှာ ဒုက္ခနဲ့ကြုံတွေ့နေရပါတယ်။ ကျွန်မတို့ဟာ ဘယ်သူ့ကိုယုံကြည်ရမလဲမသိပါဘူး။ ထပ်ပြီးတော့ တိုက်ပွဲတွေဖြစ်လာမယ်လို့ တွေးထင်ပြီး မြန်မာစစ်တပ်ကိုရော ရခိုင်စစ်တပ်ကိုပါကြောက်ရွံ့နေရပါတယ်။ ကျွန်မတို့ အလုပ်လုပ်ဖို့ ပိုက်ဆံရှာဖို့မတတ်နိုင်သလို၊ ဒီစခန်းတွေထဲမှာ လုံလောက်တဲ့အစားအစာ လည်းမရှိပါဘူး။ ကျွန်မတို့လုပ်နိုင်တာအားလုံးကတော့ လှူဒါန်းမှုတွေရရှိရန် မျှော်လင့်ဖို့နဲ့ ဆုတောင်းဖို့ပဲ ဖြစ်ပါတယ်။"







***အပေါ်မှအောက်သို့*** *- ချင်းပြည်နယ်အတွင်း IDP အသစ်များအတွက် အသစ်တည်ဆောက်ထားသော IDP စခန်း။ မြန်မာနိုင်ငံအနောက်ပိုင်းတွင် ဗမာစစ်တပ်၏တိုက်ခိုက်မှုမှကျန်ရစ်သော လက်နက်ကြီး အကြွင်းအကျန်။ အထက်ပါပုံများ -၂၀၂၀ခုနှစ် နွေဦးကာလ။*

# ဒေါ် သိမ်း [တည်းဖြတ်]

"၂၀၁၉ခုနှစ် မတ်လ (တိကျသော ရက်စွဲမမှတ်မိတော့) မှာ ကျွန်မခင်ပွန်းဦးမောင်သန်းန အသက်၄၅နှစ်ဟာ မြန်မာစစ်တပ် LID 55 နဲ့ LID 22တို့ရဲ့ ဖမ်းဆီးခြင်းကိုခံခဲ့ရပါတယ်။ ရွာထဲမှာ လူ၃-၄ယောက်ခွဲပြီး ရွာကိုစောင့်ရှောက်ဖို့အုပ်စုဖွဲ့ခဲ့ကြပါတယ်။ သူတို့ဟာ အဲဒီလူ၂၇ဦးစာရင်းကို တွေ့ရှိခဲ့ပြီး အဲဒီစာရင်းအတိုင်းလူတွေကို ဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးမှုမတိုင်မီမှာ တစ်ရွာလုံးက အမျိုးသားနဲ့အမျိုးသမီးတွေကို ရွာအလယ်မှာလာရောက်စုရုံးဖို့ အတင်းစေခိုင်းခဲ့ပါတယ်။ အမျိုးသမီးများကို သီးသန့်ခွဲကာအကျီချွတ်ပြီး နေရောင်အောက်မှာ ထိုင်ခိုင်းခဲ့ပါတယ်။ ရွာသား တွေကို နံနက် ၁၁ နာရီကစပြီးညနေ ၅ နာရီအထိနေလှန်းခဲ့ပါတယ်။ ကျွန်မတို့ မိသားစုဟာထိန်းသိမ်းထားတဲ့သူတွေကို စစ်တွေမြို့ ရဲစခန်း အမှတ် ၁မှ သွားရောက် တွေ့ဆုံတဲ့အခါမှ ကျွန်မ ခင်ပွန်းသည်ကို မတွေ့ရတော့ပါဘူး။ သူဘယ်သွားလဲသူ ဘယ်မှာ ဆုံးပါးသွားလည်းကို ဘယ်သူမှ မပြောနိုင်ပါဘူး။ ဘယ်သူမှာ စကား လာမပြောပါဘူး။ ကျွန်မ ဘယ်သူ့ကိုပြောရမလဲ ဘယ်မှာ သွားတင်ပြရမလဲ။ ဘယ်မှာ မကျေနပ်ချက်ဖော်ပြ ရမလဲ မသိပါဘူး။ ကျွန်မမှာ ကိုယ်ပိုင် အိမ်နဲ့ မြေမရှိရတဲ့အထဲ တစ်ဖက်မှာ ခင်ပွန်းသည် ကိုလည်းဆုံးရှုံးခဲ့ရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဘယ်လိုအသက်ရှင်ရမလဲဆိုတာ ကျွန်မ စဉ်စားလို့ မရပါဘူး။"

"ကျွန်မရွာကိုပြန်သွားချင်ပေမဲ့ အခုမပြန်ရဲသေးပါဘူး။ ကျွန်မခင်ပွန်းသည် သေဆုံးမှုနဲ့ ပတ်သတ်ပြီး တော့ တရားစီရင်မှုတွေကိုအမှန်တရားနဲ့တရားမျှတမှုအတိုင်း လုပ်ဆောင်ပေးဖို့ တိုက်တွန်းလိုပါတယ်။"

# မြန်မာနိုင်ငံ

## မြောက်ပိုင်း



ယခုနှစ်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပေါ်နေခဲ့ပြီး၊ ရှမ်းပြည် မြောက်ပိုင်းသို့ ရောက်ရှိလာကာ ထိုနေရာတွင် ကချင်လွတ်လပ်ရေး တပ်မတော်၊ မြန်မာ အမျိုးသားဒီမိုကရက် တစ်မဟာမိတ် တပ်မတော် (MNDAA) နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တို့သည် မြန်မာစစ်တပ်ဖွဲ့များနှင့် အဖွဲ့ငယ်အလိုက်တိုက်ပွဲများ အပြန်အလှန်ဖြစ်ပွားလျက်ရှိပါသည်။ အကျဉ်းချုံးအားဖြင့် ၂၀၂၀ခုနှစ် တွင် မြန်မာစစ်တပ်နှင့် လက်နက်ကိုင် လူမျိုးစုငယ်အဖွဲ့အစည်းများ (EAOs) တို့ကြား အသေးစားအဖွဲ့လိုက်တိုက်ခိုက်မှုပေါင်း ၁၁၀ ဝန်း ကျင်ရှိခဲ့သည်ဟုကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တင်ပြမှုများရှိခဲ့ပြီး၊ ကချင်ပြည်နယ်တွင်မူ ဤသို့သောအဖြစ်အပျက် အနည်းငယ်သာဖြစ်ပျက်ခဲ့ပါသည်။

အဓိကတိုက်ခိုက်မှုသည် ရှမ်းပြည်နယ်၊ ကွက်ခိုင်မြို့တွင် ဆက် လက်ဖြစ်ပွားခဲ့ပြီး၊ ၂၀၂၀ခုနှစ် အတွင်း ထိုဒေသတွင် ပစ်ခတ်မှု၊ လက် နက်ကြီးပစ်ခတ်မှုနှင့် မိုင်းပုံးထောင်တိုက်ခိုက်မှုပေါင်း၄၄ကြိမ်ကျော် ဖြစ်ပေါ်ခဲ့လေသည်။ သိန္နီနှင့် မူဆယ်မြို့အနီးအနားတို့တွင်ထိပ်တိုက် ရင်ဆိုင်မှုပေါင်း ၁၂ကြိမ်အထက်ရှိခဲ့သည်။ အခြားသောမြို့နယ်များ အတွင်းတိုက်ခိုက်မှု များတွင် အဖွဲ့များကြား ရုံဖန်ရံခါမိုင်းပုံးဖောက်ခြင်း၊ မီးရှို့ခြင်းနှင့် လက်နက်ကြီးပစ်ခြင်းတို့ကိုတစ်နှစ်ပတ်လုံး ကြုံတွေ့ခဲ့ရ ပါသည်။ ၂၀၂၀ခုနှစ်တစ်ခုလုံးတွင် ရှမ်းပြည်နယ်အတွင်း တိုက်ပွဲတွင် အများဆုံး ပါဝင်ပတ်သတ်ခဲ့ ကြသည့် သိရှိဖော်ပြခြင်းခံရသော မြန်မာ စစ်တပ် အဖွဲ့များမှာ ခြေမြန်တပ်ရင်း (LIB) အမှတ်၉၉ နှင့် ၈၈ တို့ဖြစ် သည်။ မကြာသေးမီကဒီဇင်ဘာလအစောပိုင်းတွင် ရှမ်းပြည်နယ်၊ နမ့်မတူမြို့နယ်၌ TNLA နှင့် ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေး ကောင်စီ/ ရှမ်းပြည်နယ် တပ်မတော်-တောင် (RCSS/SSA-S)တို့ကြား တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

မှတ်ပုံတင်ထားခြင်းမရှိသည့်မိုင်းလုပ်ငန်းများနှင့်လုပ်ဆောင်ရန် တရားဝင်ခွင့်ပြုချက်ရရှိထားသော လုပ်ငန်းများမှ မိုင်းလုပ်သားများ၊ ကိရိယာနှင့် စီမံခန့်ခွဲမှုအရာရှိများသည် ထိန်းသိမ်းခံထားရခြင်း၊ ဒဏ် ကြေးပေးရခြင်းနှင့် ကိရိယာများသိမ်းယူခံရခြင်းတို့ဖြင့် မြန်မာစစ်တပ် ၏ ပစ်မှတ်ဖြစ်လာခဲ့လေသည်။

လေကြောင်းမှဖော်ပြမှုအရ ၂၀၂၀ခုနှစ်အတွင်း မြင်နေကျ MAF ရဟတ်ယာဉ်များနှင့် တိုက်ခိုက်ရေးယာဉ်များအပြင် မြန်မာ စစ်တပ်၏ထောက်လှန်းရေး ဒရုန်းလေယာဉ်ငယ်များအား အသုံးပြု ကာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ကင်းထောက်လှမ်းမှု များမြင့်တက်လာ မှုရှိကြောင်း မျက်မြင်သက်သေလေးကြိမ်အထိ ရှိကြောင်း တင်ပြမှုများရှိခဲ့ပါသည်။ ဇန်နဝါရီလတွင် ကချင်ပြည်နယ် အတွင်း အချို့နေရာများတွင် တရုတ်တိုက်ခိုက်ရေး ယာဉ်များ ဖြတ် သန်း မောင်းနှင်ခဲ့ပြီး၊ တရုတ် ထောက်လှန်းရေးဒရုန်းလေယာဉ်များကို လည်းတွေ့ရှိခဲ့ရပါသည်။

## ကယ်ဆယ်ရေးအဖွဲ့များမှဝေးလံခေါင်ဖျားသောနာဂဒေသသို့ပေးအပ်သော အထောက်အပံ့များ

စစ်ကိုင်းတိုင်းဟုတရားဝင်လူသိများသော နာဂဒေသကို မြန်မာနိုင်ငံ၏ အဝေးလံခေါင်ဖျားဆုံးသော၊ လူသူအကင်းကွာဆုံး သောဒေသများထဲမှတစ်ခုအဖြစ်ယူဆနိုင် ပါသည်။– သို့ရာတွင် ထိုသို့ဖြစ်ခြင်းက အစိုးရ၏ဂရုပြုမှုကိုမရရှိခြင်းကိုသာ အများအားဖြင့် ထင်ဟပ်ဖော်ပြနေခြင်း ဖြစ်သည်။ နာဂဒေသမှရွာသားများသည် အများအားဖြင့် အစိုးရထံမှ ဝန်ဆောင်မှု၊ အကူအညီ သို့မဟုတ် ဖွံ့ဖြိုး ရေးလုပ်ဆောင်မှုတို့ကိုမရရှိပဲနေထိုင်ကြရလေသည်။ ဤအချက် ကို ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် အများဆုံးတွေ့မြင်ခံစားရ ပါသည်။ ယခုနှစ်တွင် နာဂဒေသသို့ သွားရောက်ခဲ့သောကယ်ဆယ် ရေးအဖွဲ့များက သူတို့ယူဆောင်သွားပေးသော အကူအညီများသည် အချို့သောရွာသားများပထမဆုံးရရှိသော ပြင်ပအကူအညီဖြစ်သည် ဟု တင်ပြခဲ့ ကြပါသည်။



မြန်မာနိုင်ငံမြောက်ပိုင်းပဋိပက္ခမှ နေရာရွှေ့ပြောင်းနေထိုင်ရဆဲဖြစ်သော လူပေါင်း ၁၀၀၀၀၀ကျော် အနက်အများအပြားတို့သည် ကချင်ပြည်နယ်အတွင်း ဤသို့သော စစ်ဘေးရှောင်ယာယီစခန်းများတွင် ဆက်လက်နေထိုင်နေရဆဲဖြစ်သည်။

ရွာအချို့တို့သည် အခြေခံကျောင်းများအပါအဝင် ကျောင်းများမရှိခြင်း၊ ကျေးရွာ ကျန်းမာရေး စောင့်ရှောက်သူတစ်ဦးမျှမပင် မရှိသော၊ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ ကင်းမဲ့လျက်ရှိပါသည်။ စီးပွားရေးနှင့်ပညာရေး အခွင့်အလမ်းများ ကင်းမဲ့နေသောအခြေအနေတွင် ရွာသားအများစုတို့သည် ဘိန်းဖြူထုတ်လုပ်ရန် ဘိန်းပင်များ စိုက်ပျိုးကြသဖြင့် လူမှုရေးဘဝ ပျက်စီးကြရကာနာဂအသိုင်းအဝိုင်းများအတွင်း အန္တရာယ်ဖြစ်စေသည့် အခြေအနေသို့ ရောက်ရှိလာပါသည်။

လိုအပ်ချက်များရှိသော်လည်း အဖွဲ့အနေဖြင့် အကူအညီနှင့် ပညာရေးထောက်ပံ့ရန် သွားလာရေးတားမြစ်ချက်များကြားအလုပ်လုပ်ဆောင်ခဲ့ရပါသည်။ ထိုအကူအညီများတွင် ဒေသခံများကို ဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုကိုရှောင်ရှားရန်မည်သို့ဆောင်ရွက်ရမည်နှင့်ပတ်သတ်၍ အသိပညာပေးသော COVID 19 ပိုစတာများချိတ်ဆွဲခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်းပစ္စည်းများကို ပေးဝေခြင်းတို့ပါဝင်ပြီး၊ မေလမှ စက်တင်ဘာလအထိ ပျမ်းမျှကြာမြင့်သော မိုးရာသီအတွင်းတွင် မိုးရေမစိုစေရန် အကာအကွယ်ပေးသည့်ပလပ်စတစ်တို့ကို ဝေမျှခြင်းတို့ပါဝင်ပါသည်။ အဖွဲ့အနေဖြင့် ဆောင်းရာသီမစ်ရှင်တစ်ခုကိုလည်းသွားရောက်ခဲ့ပြီး၊ ရွာသားများထံသို့ စောင်များကို ပေးဝေခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်းမှပဋိပက္ခများအတွင်းစစ်ကိုင်းတိုင်းဒေသကြီးသည် တိုက်ရိုက်ခံစားရခြင်း မရှိသော်လည်း၊ ရွာသားများသည် အစိုးရ၏ အားနည်းသောစီမံခန့်ခွဲမှုနှင့် အခွင့်အရေးပေးခြင်း ကင်းမဲ့မှု၏အကျိုးဆက်ကိုခံစားနေကြရပါသည်။

# ဝနယ်အတွင်းမှယုံကြည်သူအသစ်များ

မြန်မာနိုင်ငံအတွင်းမှ ဝလူမျိုးစုအုပ်စုအများစုသည်နတ်စားများဖြစ်ပြီး၊ ဝနယ်မြောက်ပိုင်းတွင် ခရစ်စမတ်ပွဲတော်ကျင်းပခြင်းကိုတားမြစ်ခြင်းအပါအဝင်ခရစ်ယာန်များကိုဖိနှိပ်ညှင်းဆဲခြင်းများ ရှိနေသည့်အနက်မှ လူများစွာတို့သည်ယေရှုနောက်သို့လိုက်ရန်ဆုံးဖြတ်ကြပါသည်။ အဘယ်ကြောင့် ထိုသို့ဆုံးဖြတ်သနည်း ဟု ကျွန်ုပ်တို့ကမေးလျှင် ယုံကြည်သူအသစ်တို့က "ခရစ်ယာန်ရွာတွေကိုကျွန်တော်တို့သတိထားမိတာက သူတို့ကပိုပြီးသန့်ရှင်းတယ်။ ပြီးတော့ ပိုလည်းရိုးသားပြီးတော့ ခိုးဂုက်တာတွေဖြစ်တာနည်းတယ်။ ဒါကြောင့် ခရစ်ယာန်ဖြစ်ဖို့ ကျွန်တော်တို့ဆုံးဖြတ်လိုက်တာပါပဲ။ အဲဒီအထဲကမှ ကျွန်တော်တို့သတိထားမိတာကတော့ နတ်ဆိုးတွေဟာ ကျွန်တော်တို့ကို နှောင့်ယှက်လို့မရတော့ဘူးဆိုတာကိုပဲ။ ခရစ်တော်နောက် လိုက်မယ်လို့ ကျွန်တော်တို့ဆုံးဖြတ်လိုက်ကတည်းက ဂိညာဉ်တွေဟာ ကျွန်တော်တို့ကို မနှောင့်ယှက်တော့ဘူး။"ဟုဖြေပါသည်။ ၂၀၁၉ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ခုနှစ် ဇန်နဝါရီလအတွင်းတွင် ဝသင်းအုပ်ဆရာတစ်ဦးသည် ဝယုံကြည်သူ၁၇၄ဦးကို နှစ်ခြင်းပေးခဲ့ပါသည်။ ထိုသင်းအုပ်သည် ဝလူမျိုးများကို နှစ်ပေါင်း ၃၀ ကျော်သာသနာပြုခဲ့ပြီး၊ ဤ နှစ်များအတွင်း အခြားသောသူများအကူအညီဖြင့် ရှမ်းပြည်တောင်ပိုင်းတွင် ဝအသင်းတော် ၇၇ပါးကို ကူညီတည်ထောင်ခဲ့ပါသည်။



# မြန်မာနိုင်ငံမြောက်ပိုင်းမှ အသံများ

## လာဘာမ်ထမ်၊ ၈၂ နှစ်

"ကျွန်တော်တို့ ၂၀၁၂ခုနှစ်မှစတင်ထွက်ပြေးခဲ့ကြတယ်။ KIA နဲ့မြန်မာစစ်တပ်တို့ တိုက်ခိုက်နေတဲ့ ရွာအနီးမှာ စစ်သေနတ်ပစ်သံတွေ၊ မော်တာကျည်ဆံပစ်လို့ကျတဲ့အသံတွေကို ကျွန်တော်တို့ကြားခဲ့တယ်။ ကျွန်တော်တို့ကြောက်ခဲ့ကြတယ်။ ကျွန်တော်တို့ရဲ့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ထားပစ်ခဲ့ကြတယ်။ ကျွန်တော် လွတ်မြောက်ဖို့သာလိုအပ်တဲ့အတွက် အပို အဝတ်အစားတွေမယူလာခဲ့ကြဘူး။ ကျွန်တော်နမ်လင်းပါမှာ အရင်ဆုံးနေခဲ့တယ်။ မြန်မာစစ်တပ် ကျွန်တော်တို့နောက်လိုက်လာတဲ့ အတွက် ခြေထောက်နဲ့ထွက်ပြေးခဲ့ရတယ်။ ကျွန်တော်တို့ မန်ဝေါင်ရွာကိုရောက်ခဲ့ပြီး တရုတ်သစ်တင်ကားတွေနဲ့ဘွမ်စစ်ပါကိုပို့ခြင်းခံခဲ့ရတယ်။

"၂၀၁၃ခုနှစ်မှာ ကျွန်တော်တို့ ဘွမ်စစ်ပါကိုရောက်ခဲ့တယ်။ ကျွန်တော်တို့ UNICEF က လှူဒါန်းထားတဲ့ပလပ်စတစ်တဲတွေထဲမှာနေထိုင်ခဲ့တယ်။ အရမ်းပူပြီးနေရတာပျော်စရာ မကောင်းပါဘူး။ ကျွန်တော်တို့ဟာ တဲထဲမှာ မီးဖိုချောင်မီးခိုးငွေ့တွေကို ရှူရှိုက် ခံစားခဲ့ရတယ်။ ကျွန်တော်ဟာ ကျွန်တော့ချွေးမနဲ့မြေးတွေနဲ့ အတူနေထိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ဟာ အခု KMSSကလှူဒါန်းတဲ့အိမ်တွေမှာနေထိုင်ကြပါတယ်။ ကျွန်တော်တို့ မွေးရပ်မြေမှာ တိရိစ္ဆာန်မွေးမြူပြီး ကောက်ပဲသီးနှံနဲ့စပါးတွေစိုက်ပျိုးကြပါတယ်။ ကျွဲနွားတွေကိုတောထဲလွှတ်ရပါတယ်။ မြန်မာတပ်တွေကသတ်ဖြတ်ပြီး အကုန်လုံးစားပစ်လိုက်ပါတယ်။ မြန်မာစစ်သားတွေဟာ ရွာအနီးအနားနဲ့ရွာအထဲမှာရှိနေတဲ့အတွက်ကျွန်တော်တို့သွားပြီး မကြည့်ရဲကြပါဘူး။ ရွာကနေထွက်ပြေးလာပြီးနောက် ကျွန်တော်တစ်ခါလေးတောင်သွားမကြည့်တော့ပါဘူး။ မိုင်းဗုံးတွေ ဘယ်နေရာမှာချထားမှန်းကျွန်တော်တို့ မသိတဲ့အတွက် ကျွန်တော်အိမ်ပြန်မှာမဟုတ်ပါဘူး။ အချို့ကတော့ အိမ်ကိုပြန်သွားကြည့်ကြပြီး၊ အချို့ကတော့ ပြန်နေရဲကြပါတယ်။

ကျွန်တော်ကြီးပြင်းလာခဲ့တဲ့ ကျွန်တော့ရွာကိုသတိရမိပါတယ်။ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေအားလုံး ချန်ရစ်ထားခဲ့ရပါတယ်။ မြန်မာစစ်တပ်ဟာ နမ်လင်းပါကျေးရွာ၊ ဘန်ထန် ကျေးရွာ၊မန်ဝေါင်ကျေးရွာနဲ့လွယ်ခမ်းကျေးရွာတွေမှာ စခန်းတည်ဆောက်ပြီးနေရာယူထားပါတယ်။ သူတို့ဟာ နမ်လင်းပါ ဘုရားကျောင်းမှာရှိတဲ့ ခုံတွေ၊ ထိုင်ခုံတန်းရှည်တွေအားလုံးကို ဖျက်ဆီးပစ်ခဲ့ကြပါတယ်။

ကျွန်တော်ဟာအသက်ကြီးလာပြီဖြစ်တဲ့အတွက်အခု အသက်မွေးဝမ်းဖို့အလုပ်မလုပ်နိုင်တော့ပါဘူး။ ကျွန်တော်မပြေးနိုင်တော့ပါဘူး။ ကျွန်တော် လေးကြိမ်၊ ငါးကြိမ်ပြေးခဲ့ပြီးပါပြီ။ တစ်ခါတစ်လေ ကျွန်တော့ဘဝမှာနောက်တစ်ကြိမ်ထပ်မံပြီးတော့ မပြေးချင်တော့ဘူးလို့စဉ်းစားမိပါတယ်။ တစ်ခါတစ်လေဒီအကြောင်းကိုတွေးမိပါတယ်။ ကျွန်တော်ငြိမ်းချမ်းမှုကိုလိုချင်ပါတယ်။ ဒီစစ်ပွဲကို ရပ်တန့်ပေးဖို့ကူညီကြပါလို့ ကမ္ဘာကြီးကိုတောင်းဆိုလိုပါတယ်။"

## ဒါး

*မြန်မာနိုင်ငံ၏အခြားတစ်နေရာတွင် ဒေသတစ်ခုသည် နေရာအနှံ့အပြား စီးပွားရေး အခက်အခဲ ရှိခြင်း၊ မိသားစုတွင်းမှုးယစ်သေစာစားခြင်း သို့မဟုတ် မတရားပြုလုပ်ခြင်းများ တွေ့ကြုံရခြင်းကြောင့်ပညာရေးသည်တစ်ခါတစ်ရံတွင် ပထမဆုံး ထိခိုက်နစ်နာရသည့်အရာ ဖြစ်လာလေသည်။ ကလေးများအနေဖြင့် ပညာရေးကိုလက်လှမ်းမှီရန် နှင့် ကျောင်းပြီးမြောက်ရန် လိုအပ်သော အထောက်အပံ့များရရှိနိုင်မှုသေချာစေရန် မိသားစုများသည် ရွေးချယ်သည့်အရာ တစ်ခုအနေဖြင့် တစ်ခါတစ်ရံတွင်ကလေးများကို လူငယ်ဘော်ဒါဆောင်ဟုခေါ် လေ့ရှိသော ဘော်တာဆောင်များသို့ ပို့လေ့ရှိကြသည်။ ဤကဲ့သို့သောနေရာများသည် လုံခြုံသောနေထိုင်ရန်နေရာ၊ အသိုင်းအဝိုင်း ထောက်ပံ့မှု နှင့် ပညာရေးဆိုင်ရာအခွင့်အလမ်းများကို အားနည်းသောကလေးများ အတွက် ပေးအပ်လျက်ရှိပါသည်။*

*ပုံ၏ညာဘက်ခြမ်းပါ ဒါးသည် ထိုကဲ့သို့သောကလေးတစ်ဦးဖြစ်လေသည်။ သူမအသက်၁၃နှစ်တွင် ထိုင်းနိုင်ငံမြောက်ပိုင်းမှ ဂကလေးများအတွက် ဖွင့်လှစ်ထားသော အဆောင်တစ်ခုသို့သွားရောက်နေထိုင်ခဲ့ပြီး ယခုအခါ ထိုနေရာတွင်ရှိသော မိန်းကလေးဆောင်ကို ကြည့်ရှုနေရလေသည်။ သူမ၏အဖြစ်အပျက်သည် လူငယ်ဘော်တာဆောင်များ နှင့် ဂရုစိုက်မှုရှိသော အသိုင်းအဝိုင်းတို့မှတဆင့် အကျိုးသက်ရောက်မှုရှိခြင်းကို သက်သေခံနေရုံ သာမဟုတ်ပဲ ထိုသို့သောအခြေအနေရှိသည့် ကလေးများအတွက်လည်း ခွန်အားဖြစ်စေနိုင်သည့် အရာတစ်ခုပင်ဖြစ်ပါသည်။*

ကျွန်မနာမည်ဒါးပါ။ အသက်၁၉နှစ်ရှိပြီး လဂါဘော်ဒါဆောင်မှာနေတာခြောက်နှစ်ရှိပါပြီ။ ကျွန်မအသက်၁၃နှစ်မှာဒီကိုလာခဲ့ပါတယ်။ အကြောင်းကတော့ကျွန်မမိဘတွေဟာ အကြွေးတွေ ကြောင့်ကျွန်မကိုမထောက်ပံ့နိုင်ကြတော့လို့ပါပဲ။ ကျွန်မအဖေဟာကျွန်မကလေးဘဝကတည်းက မူးယစ်ဆေးနဲ့ အရက်ကိုသုံးစွဲခဲ့ပါတယ်။ ကျွန်မမိဘတွေကွာရှင်းပြီးနောက် ဘယ်သူမှ ကျွန်မကိုစောင့်ရှောက်ဖို့မရှိတော့ပါဘူး။ ကျွန်မအဖွားနဲ့ခဏလေးနေခဲ့ပါတယ်။ ဒါပေမဲ့သူမဟာ အသက်ကြီးပြီဖြစ်

## “စိတ်ဓါတ်ကျဆင်းမှုကိုခံစားနေရတဲ့အခြားကလေးတွေကိုကျွန်မကူညီနိုင်မယ်လို့ ထင်တယ်။ ဘာလို့လဲဆိုတော့ -သင်ဟာဘာမှမဟုတ်သလို၊ သင့်မှာဘာမှမရှိဘူး- ဆိုတဲ့ ခံစားချက်မျိုးဟာ ဘယ်လိုလဲဆိုတာကျွန်မသိနေလို့ပါပဲ။ ”

ပါတယ်။ ကျွန်မအဖွားဟာကျွန်မအပေါ်ကြမ်းတမ်းစွာဆက်ဆံခဲ့ပါတယ်။ တစ်ခါက သူမရဲ့အိုးကိုကျွန်မ မတော်တဆလုပ်ကွဲမိပါတယ်။ ကျွန်မအဖွားအရမ်းစိတ်ဆိုးပြီး ကျွန်မကို တအားရိုက်တဲ့အခါ ကျွန်မလက်သန်းနဲ့လက်သန်းကြွယ်ကြားကအသားဟာ ကွဲပြဲသွားပါတယ်။ သူမဟာအဲဒီအိုးနဲ့ ကျွန်မခေါင်းကို အကြိမ်ကြိမ်ရိုက်တဲ့အတွက်ကျွန်မရဲ့ ခါးဟာ အရမ်းဒဏ်ရာရခဲ့ပါတယ်။ ဒီအဖြစ်အပျက်ဟာ ကျွန်မနှလုံးသား ထဲမှာရှိနေခဲ့ပါတယ်။ ကျွန်မဒီအခြေ အနေကနေလွတ်မြောက်ချင်ခဲ့ပါတယ်။

ကျွန်မဘော်တာဆောင်ကို ရောက်လာချိန်မှာအရမ်းသဘောကျမိပါတယ်။ ဒါပေမဲ့ကျွန်မအခြေအနေနဲ့အညီနေနိုင်အောင်ကြိုးစားခဲ့ရပါတယ်။ အသက် ပိုကြီးတဲ့ကလေးတွေကကျွန်မမလုပ်ချင်တဲ့ အလုပ်တွေကိုခိုင်းကြတယ်။ တစ်ခါတစ်လေ ဘော်ဒါမှာကျွန်မဆက်မနေချင်တော့ဘူးလို့ ခံစားမိပါတယ်။ ဒါကြောင့် ဘယ်လိုသည်းခံရမယ်ဆိုတာကိုကျွန်မသင်ယူခဲ့ပါတယ်။ သို့မဟုတ်ရင်ကျွန်မ အဖွားဆီပြန်ပြီး သူနဲ့နေရမဲ့ ရွေးချယ်မှုပဲကျန်ပါတော့မယ်။ တခြားလမ်း မရှိတော့ဘူးလေ။ ဒီကိုရောက်တဲ့ပထမဆုံးနှစ်မှာ ကျွန်မအထီးကျန်ခံစားခဲ့ရပါတယ်။ ညတိုင်း ကျွန်မ ငိုကြွေးခဲ့ပြီး မိဘတွေကို စတင်သတိရမိပါတယ်။ တစ်နှစ်ပြီးတဲ့နောက်မှာတော့ ကျွန်မ ခရစ်ယာန် ကင့်မ် စခန်းတစ်ခုကိုသွားခဲ့ပြီးယေရှုကိုစတင်သိရှိလာခဲ့ပါတယ်။ ကျွန်မဟာ ခရစ်တော်အတွက် ဂုဏ်ထမ်းဖို့ရန်အခွင့်အရေးကိုရရှိခဲ့ပါတယ်။ အခြားကင့်မ် စခန်းတစ်ခုလည်းရှိပြီး နောက်တစ်ဖန်ထပ်ပြီး ဂုဏ်ထမ်းဖို့အခွင့်အရေးရရှိခဲ့ပါတယ်။ ခရစ်ယာန်ကင့်မ်တွေမှာ ဂုဏ်ထမ်းတဲ့လုပ်အားပေးခြင်းကို ကျွန်မ ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။




ကျွန်မကြီးပြင်းလာကတည်းကစိတ်ဓါတ်ကျဆင်းမှုဒဏ်ကိုခံစားခဲ့ရပါတယ်။ မိမိကိုယ်ကို သတ်သေဖို့ အကြိမ်ကြိမ်စဉ်းစားခဲ့ပါတယ်။ ဒီဘော်ဒါဆောင်မှာ လာရောက်နေထိုင်ခဲ့ခြင်းက ကျွန်မကို ကာကွယ်ပေးခဲ့ပြီး၊ ဒါဟာကျွန်မအတွက်လုံခြုံတဲ့ နေရာဖြစ်ခဲ့ပါတယ်။

ဒီဘော်ဒါဆောင်ဟာ ကျွန်မအတွက် ဘုရားသခင်ပြင်ဆင် ပေးတဲ့လုံခြုံတဲ့ နယ်မြေတစ်ခုပဲဖြစ်ပါတယ်။ အခုကျွန်မနေရတာပိုအဆင်ပြေလာပြီး၊ ကျွန်မစိတ်ဓါတ်ကျဆင်းမှုအတွက်ဘယ်ဆေးကို မှအသုံးမပြုပါဘူး။ ဘုရားကျောင်းနဲ့ဘော်ဒါဆောင်မှတဆင့်ကျွန်မ ယေရှုကိုသိခွင့်ရခဲ့ပါတယ်။ ကင့်မ်တွေမှာ လုပ်အားပေးခွင့်ရတဲ့အခွင့်အရေးတွေဟာလည်း ဘော်ဒါကြောင့်သာ ရရှိခဲ့တာပဲဖြစ်ပါတယ်။ အဲဒီမှာယေရှုထံကို ကျွန်မနှလုံးသားကိုဖွင့်ပေးခဲ့ပါတယ်။ အတိတ်တုန်းက ကျွန်မဘယ်လောက်ခံစားခဲ့ရတယ်ဆိုတာကို သတိပြုမိပါတယ်။ ဒီဘဝမှာ ကျွန်မလုပ်တဲ့အရာ အားလုံးကိုဘုရားသခင်ကကူညီပေးနေပါတယ်။

ကျွန်မကိုးတန်းရောက်တော့မိဘတွေကဆက်ပြီးစာမသင်စေချင်တော့ပါဘူး။ ဒါပေမဲ့ ကျွန်မကတော့ အထက်တန်းကိုဆက်တက်ချင်ခဲ့ပါတယ်။ ကျွန်မဘာလုပ်ရမယ်ဆိုတာမသိဘူး။ ဒါပေမဲ့ ဘုရားသခင်ထံမှာဆုတောင်းခဲ့ပါတယ်။ ကျွန်မဆရာမကမကြာခင်မှာပဲ ကျွန်မရဲ့ ကျောင်းအကျီနဲ့ ဖတ်စာအုပ်အပါအဝင် ကျောင်းတက်ရန်ကုန်ကျစရိတ်အားလုံးအတွက် ပေးပေးမယ်လို့ပြောလာပါတယ်။

ကျွန်မကိုဘုရားသခင်ကကြည့်ရှုနေပြီး၊ စောင့်ရှောက်နေတယ်ဆိုတာကိုသိခဲ့ရပါတယ်။ ဘော်ဒါဆောင်ဟာ ကျွန်မမိသားစုပါ။ ဘုရားသခင်အားဖြင့် ကျွန်မအိပ်ဖို့၊ စားဖို့နဲ့ ပညာသင်ကြားဖို့ လုံခြုံတဲ့နေရာတစ်ခုကို ရရှိခဲ့ပါတယ်။ အကယ်၍ ကျွန်မ(ဘော်ဒါဆောင်) အပြင်မှာနေရမယ် ဆိုရင်လမ်းတွေပေါ်မှာ ကျွန်မကိုယ်ကျွန်မကာကွယ်နေရမှာပါ။ ဒီမှာလိုမျိုး ခရစ်ယာန်အသိုင်းအဝိုင်းလည်းရှိမှာမဟုတ်ပါဘူး။ တစ်ခါတစ်လေမှာ ဘော်ဒါဆောင်ထဲမှာ စည်းမျဉ်းအချို့ရှိပါတယ်။ ဒါပေမဲ့ ဒါတွေအားလုံးဟာ ကျွန်မတို့ လုံခြုံရေးအတွက်ပဲဖြစ်ပါတယ်။ ဘော်ဒါဆောင်ကို ကျွန်မ မလာခင်မှာ လူအများရှေ့မှာစကားထွက်ပြောဖို့ ကျွန်မကြောက်ရွံ့ခဲ့ပါတယ်။ ဒါပေမဲ့ အခုအခါမှာတော့ ကျွန်မဟာ ဂုတ်ပြုသီဆိုခြင်းအဖွဲ့ကို ဦးဆောင်နေရပြီး၊ ပိုပြီးငယ်တဲ့ဒီကကလေးတွေကို ကျမ်းစာပင်လျှင် သင်ကြားနေရပါတယ်။

ကျွန်မအသက်တာမှာ အကြိမ်ပေါင်းမြောက်များစွာမိမိကိုယ်ကို သတ်သေဖို့ကြိုးစားခဲ့ပြီး၊ တစ်ခါတစ်လေမှာကျွန်မဟာဘာမှ မဟုတ်ဘူးလို့ တွေးထင်မိတဲ့အတွက်ကိုယ့်ကိုယ်ကို နာကျင်အောင်လုပ်ဖို့ကြိုးစားခဲ့ပါတယ်။ ဒီမှာလာနေတဲ့အချိန်မှစပြီး ဘုရားသခင်ဟာ ကျွန်မအတွက် အစီအစဉ်ရှိတယ်ဆိုတာကိုသိလာရပြီး၊ သူကျွန်မကိုဘယ်လိုအသုံးပြုမလဲဆိုတာမသိပေမဲ့ ကျွန်မမှာယုံကြည်မှုရှိပါတယ်။ ကျွန်မကျမ်းစာနဲ့ စိတ်ပညာတို့ကိုဆက်လက် ဆည်းပူး လေ့လာလိုပါတယ်။ စိတ်ဓါတ်ကျဆင်းမှုကိုခံစားနေရတဲ့အခြားကလေးတွေကိုကျွန်မကူညီနိုင်မယ်လို့ထင်တယ်။ ဘာလို့လဲဆိုတော့-သင်ဟာဘာမှမဟုတ်သလို၊ သင့်မှာဘာမှ မရှိဘူး-ဆိုတဲ့ ခံစားချက်မျိုးဟာဘယ်လိုလဲဆိုတာကျွန်မသိနေလို့ပါပဲ။ ဘုရားသခင်က ဘယ်နေရာမှာ ကျွန်မကိုခေါ်မယ်ဆိုတာမသိပါဘူး။ ဒါပေမဲ့ သေချာတာတစ်ခုကတော့ ဘုရားသခင် ဟာသူ့အသင်းတော်မှာဆပ်ကပ်ဖို့အတွက် ကျွန်မကို အသုံးပြုသွားမယ်ဆိုတာကျွန်မ သိနေပါတယ်။



# မြန်မာနိုင်ငံ အရှေ့ဖက်





လူဦးရေအနည်းဆုံးနေထိုင်သည့်ကရင်နီပြည်နယ်တွင် မြန်မာစစ်တပ်မှ ပြည်နယ်အတွင်း တပ်ရင်းများတည်ဆောက်လာသည်နှင့်အမျှ ရွာသားများနှင့် လူမျိုးစုငယ်လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ အမျိုးသားစစ်တပ်(KNPP)တို့သည် တပ်ရင်းလိုက် လှုပ်ရှားမှုများအတွက်နှင့်မြန်မာ့စစ်တပ်နှင့် ပဋိပက္ခတို့အတွက် ကြိုတင်ပြင်ဆင်လျက်ရှိပါသည်။ ၂၀၂၀ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်းတွင် အမျိုးသားအစိုးရအတွင်း လူမျိုးစုငယ်ကရင်နီကိုယ်စားလှယ် တိုးလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် မပြေလည်မှုများ များလာမှုနှင့်အတူ မြန်မာစစ်တပ်ခြေလျင်တပ်ရင်း ၇၂နှင့် ၄၂၈ တို့တပ်အင်အားတိုးမြှင့်လာမှုများရှိခဲ့သည်ဟု ရွာသားများကဖော်ပြခဲ့ကြပါသည်။ တိုးပွားလာသောတင်းမာမှုများ ရှိသော်လည်း KNPP သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဆက်လက်ကတိကဝတ် ပြုထားဆဲဖြစ်လေသည်။

ရွေးကောက်ပွဲတင်းမာမှုအလယ်တွင် ဗဟိုအစိုးရသည် ကရင်နီပြည်နယ်၊ ဒီမောဆိုးကျေးရွာတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အတွက် လမ်းနစ်လမ်းကို တည်ဆောက်ရန် ရွာသားများအား ရွှေ့ပြောင်းစေခဲ့ပါသည်။ ဒေသတွင်းသွားလာရေးနှင့် သီးနှံကုန်သွယ်ရေးအတွက်အဆင်ပြေ စေမည့်ပုံပေါက်သော်လည်း၊ မြန်မာစစ်တပ်၏တပ်ဖွဲ့များလှုပ်ရှားသွားလာရန်နှင့် နည်းဗျူဟာ အသာစီးရရန်အထောက်အပံ့များပို့ဆောင်ခြင်းတို့ကို လွယ်ကူလျင်မြန်စွာလုပ်ဆောင်နိုင်စေရန် အထောက်အကူပြုလိမ့်မည်ဖြစ်သည်။

ကရင်ပြည်နယ်အတွင်းတွင် ၂၀၂၀ခုနှစ်အတွင်း မြန်မာစစ်တပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးစစ်တပ် (KNLA)တပ်ဖွဲ့များကြားတိုက်ပွဲငယ်များ တိုးပွားလာခြင်းကြောင့် ထိုသို့သောတူညီသည့်တင်းမာမှုများတွင် ရှိခဲ့သည်။ ကရင်တို့အနေဖြင့် ယခုအခါတွင် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သော အမျိုးသားအပစ်အခတ်ရပ်စဲရေးသဘောတူညီစာချုပ်(NCA) ကို ၂၀၁၅ခုနှစ်တွင် မြန်မာစစ်တပ်နှင့် ရေးထိုးခဲ့သော်လည်း၊ ရွာသားများက ၂၀၂၀ခုနှစ် မတ်လတစ်လအတွင်းတွင်ပင်မြန်မာစစ်သားများမှ ပြည်သူတို့ကို ပစ်မှတ်ထားကာ သတ်ဖြတ်ခဲ့သည့်အဖြစ်အပျက်ပေါင်းများစွာနှင့်အတူ မြန်မာစစ်တပ်မှ အရပ်သားနယ်မြေများကိုဝင်ရောက်လက်နက်ကြီးဖြင့်ပတ်ခတ်မှုပေါင်းအနည်းဆုံး ၃၀ကြိမ်ရှိကြောင်း ရွာသားများကဖော်ပြခဲ့လေသည်။

တင်းမာမှုအများအားဖြင့်သည်ကရင်ပြည်နယ်မြောက်ပိုင်းတွင် မြန်မာစစ်တပ်၏ လမ်းဖောက်လုပ်မှု စီမံကိန်းများ၊ အထူးသဖြင့် ကရင်ပြည်နယ်မြောက်ပိုင်းမှ တစ်ဖြောင့်တည်း သံလွင်မြစ်ပေါ်ရှိ အရှေ့ဘက်





***နာရီလက်တံအတိုင်းဘယ်ဘက်မှ-*** *၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာစစ်တပ်၏မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့် KNLA စခန်းတစ်ခု။ မြန်မာစစ်တပ်ရန်မှ ထွက်ပြေးလာပြီးနောက် ကရင်ရွာသားများတောထဲတွင်ပုန်းအောင်းနေစဉ်။ ကရင်ပြည်နယ်အတွင်း မြန်မာ စစ်တပ်တင့်ကားများ သွားလာနေစဉ်။*



နယ်စပ်အား မြန်မာနိုင်ငံအလယ်ပိုင်းနှင့်ဆက်သွယ်လိုသည့် သူတို့၏ သဘောဆန္ဒကြောင့်ဖြစ်လေသည်။ ခရိုင် ခေါင်းဆောင်များ၏သဘော တူညီချက်မပါသဖြင့် မြန်မာစစ်တပ် အနေဖြင့် လမ်းသစ်များ ဖောက်ခြင်း သို့မဟုတ် လမ်းဟောင်းများပြုပြင်ခြင်းသည် NCA ကိုချိုးဖောက်ခြင်းဖြစ်ပြီး၊ KNLA အနေဖြင့် မလိုလားအပ်သောတည်ဆောက်မှုကို အကြမ်းဖက်သည့် လုပ်ဆောင်ချက်တစ်ရပ်အနေဖြင့် ယူဆပါသည်။


ညောင်လေးပင်ခရိုင်တွင် ရွာသားများနှင့် ယင်းတို့ခေါင်းဆောင်နှစ်ဖက်လုံးမှ ပြောကြား ဆန့်ကျင်နေသည့်ကြားမှ မြန်မာစစ်တပ်သည်လမ်းဖောက်လုပ်ခြင်းကို ဆက်လက် လုပ်ဆောင်ခဲ့ပြီး၊ ရလဒ်အနေဖြင့်ရွာသားများအတွက် လွတ်လပ်စွာသွားလာခွင့်လျော့နည်းလာပြီးမြန်မာစစ်တပ်အဖွဲ့များထံမှ ခြိမ်းခြောက်မှုများတိုးမြှင့်လာခဲ့ပါသည်။

မြန်မာစစ်တပ်လုပ်ရှားမှုပုံစံတိုင်းကို ပြင်းထန်စွာ ဆန့်ကျင်ခဲ့သော မူတရော်ခရိုင်အတွင်းတွင် စစ်တပ်သည် အရပ်သားများကို ထိုးစစ်ဆင်အကြမ်းဖက်ခဲ့ကြပါသည်။ အောက်ဖော်ပြပါ အဖြစ်အပျက်များသည် မူတရော်ခရိုင်အတွင်းရှိ မြန်မာစစ်စခန်းများ သို့မဟုတ် ကားလမ်းဟောင်းများ အနီးမှ ဖြစ်ရပ်မှန်များအားလုံးဖြစ်ပါသည်။

အသက် ၆၃နှစ်အရွယ် စောဒီးကားသည် ဇန်နဝါရီ၃ရက်တွင် အသုဘတစ်ခုတွင် အကူအညီပေးနေစဉ် သူနှင့်သူ့သူငယ်ချင်းတစ်ဦးတို့သည် ထိုနေ့မတိုင်မီက KNLAနှင့် တိုက်ပွဲငယ် ဖြစ်ပွားပြီးနောက် တောထဲတွင်ပုန်းအောင်းနေခဲ့သော မြန်မာစစ်သားများ၏ပစ်ခတ်ခြင်းကို ခံခဲ့ရသည်။ စောဒီးကားသည်ညှပ်ရိုးတွင်တစ်ချက်၊ နံဘေးတွင်တစ်ချက် ပစ်ခြင်းကိုခံခဲ့ရသည်။ သူ၏သူငယ်ချင်းခြေထောက်ကို ကျည်ဆံ ထိုးဖောက်ထိမှန်ခဲ့သည်။ ထိုသူနှစ်ဦးလုံး အသက်ရှင်ကျန်ရစ်ခဲ့ကြသည်။ ထို့နောက်တွင်မြန်မာစစ်သာများသည် ပုန်းအောင်းနေရာမှထွက်လာပြီး သက်သေများကို အကြောင်းပြချက်တစ်စုံတစ်ရာမရှိပဲရိုက်နက်ခြင်းနှင့် ဖမ်းဆီးခြင်းတို့ကိုပြုလုပ်ခဲ့ကြသည်။

၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ၅ရက်နေ့တွင် ရွာသားများပေါင်း၃၆၇ ဦးတို့သည် ဂါကော်ထာနှင့် တကိုဒါရွာအနီးမြန်မာ စစ်တပ်၏တိုက်ခိုက်မှုမှထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ စစ်တပ်သည် ၈၁အမ်အမ်နှင့် ၆၀ အမ်အမ် မော်တာသေနတ်တို့ဖြင့် ရွာအတွင်းသို့လည်းကောင်း ရွာအနီးအနားသို့လည်းကောင်းပစ်ခတ်ခဲ့ကြသဖြင့် ရွာသားများအားတောထဲသို့ ပုန်းအောင်းရှောင်တိမ်းခဲ့ကြရသည်။ ထိုသို့ထွက်ပြေးတိမ်းရှောင်သူများကြားတွင် ဂါကော်ထာကျေးရွာမှ စာမေးပွဲအတွက်ပြင်ဆင်ရန်သစ်သားကို သင်ပုန်းကဲ့သို့ ဆက်လက်အသုံးပြုသင်ကြားပေးသောဆရာသုံးဦးနှင့်







***နာရီလက်တံအတိုင်းညာဘက်မှစကြည့်ရန်-***
*မဲ့ဂေးစခန်းမှ တပ်များမှရွာကိုတိုက်ခိုက်သဖြင့် ရွာသားများထွက်ပြေးတိမ်းရှောင်ပြီး ယခုလက်ရှိ စွန့်ပစ်ခြင်းခံထားရသောမဲ့ကော်လေရွာ။ မဲ့ဂေးမြန်မာစစ်စခန်း။ ၂၀၂၀ခုနှစ် နွေဦးတွင် ရွာသားများတောတွင်းသို့ထွက်ပြေးလာပြီး နောက်ကရင်ဆရာတစ်ဦးမှ သင်္ချာလေ့ကျင့်ခန်း ဆက်လက် သင်ကြားပေးနေစဉ်။ ၂၀၂၁ခုနှစ် ဇန်နဝါရီလ၆ရက်နေ့တွင် မြန်မာစစ်တပ်၏ ပစ်ခတ်ခြင်းနှင့် စစ်တပ်စခန်းချနေခြင်းကို ကရင်ရွာသားများကဆန့်ကျင်ဆန္ဒပြနေစဉ်။ ၂၀၂၀ခုနှစ် နွေဦးတွင် ကရင်ပြည်နယ်၏ အလှတရား များကြားမှ မြင်းစီး၍လှုပ်ရှားသွား လာနေကြသောကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့။*



ကျောင်းသား ၃၆ဦးတို့ပါဝင်လေသည်။

တစ်လကြာပြီး မတ်လ ၅ရက်နေ့တွင် မြန်မာစစ်သားများသည် အသက်၂၃နှစ်အရွယ် သစ်တော လုပ်သားတစ်ဦးဖြစ်သူ စောမော်အေး သန်းကို ဒွဲလိုမြို့တွင် သတ်ဖြတ်ခဲ့ကြသည်။


စောမော်အေးသန်းသည် မြန်မာစစ်တပ်မဲဂေ LIB ၃၃၈စခန်းအနီး အခြားသော သစ်တောဂန်ထမ်းနှစ်ဦးတို့နှင့်အတူဆိုင်ကယ်စီးနေခဲ့သည်။ မြန်မာစစ်တပ်သည် ၂၀၀မီတာ အကွာအဝေးတွင် စခန်းမှလမ်းသို့ ရှင်းလင်းစွာမြင်နိုင်လောက်သည့်အကွာအဝေး ၂၀၀မီတာခန့်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ကျည်ဆံတစ်လုံးသည်စောမော်၏ဝမ်းဗိုက်အားဘယ်မှညာသို့ ဖောက်ထွက်ထိမှန်ကာ အခြားကျည်ဆံသုံးတောင့်သည် သူ၏ဘယ်ခြေသလုံးကို ထိမှန်ခဲ့လေသည်။ သစ်တောလုပ်သားများသည်ထွက်ပြေးခဲ့ကြပြီး၊ ဆေးကုသမှုကိုခံယူရရှိခဲ့သည်။ သို့ရာတွင် စောမော်သည်ဆေးရုံသို့ပို့ဆောင်ခံရစဉ်တွင်အသက်သေဆုံးခဲ့ရလေသည်။

ထို့နောက်တွင် မတ်လ၃၁ရက်နေ့နံနက်စောစော၌ မြန်မာစစ်သားများသည်လူသောမြို့အတွင်းရှိစောမူဖလားကားလမ်းပေါ်တွင်အထောက်အပံ့ပစ္စည်းများကိုသယ်ဆောင်လာသောကရင်ရွာသားများကိုပစ်ခတ်ခဲ့ပါသည်။ ၁၂နာရီကြာပြီးနောက်စစ်သားများသည်တဖန်ထပ်မံပစ်ခတ်ခဲ့ပြီး ရွာသားများအား စပါးထွန်ယက်ရန်အသုံးပြုမည့် ဒီဇယ်များပါဝင်သည့် မိမိတို့၏ပစ္စည်းကို စွန့်ပစ်ကာထွက်ပြေးစေခဲ့ပြန်သည်။ ဒုတိယပစ်ခတ်စဉ်အတွင်းထွက်ပြေးလာခဲ့သူ ရွာသားများထဲမှ လင်မယားနှစ်ဦးဖြစ်သူ စောဒမီးနှင့်နော်ယူမာတို့သည်ပျောက်ဆုံးသွားခဲ့ပါသည်။ နော်ယူမာသည် ဧပြီလ၁ရက်နေ့စောစောတွင် အိမ်သို့ပြန်လာခဲ့သော်လည်းသူ၏ခင်ပွန်းသည်သည်ဆက်လက် ပျောက်ဆုံးနေခဲ့ပါသည်။ ကရင်စစ်သားများသည် စောဒမီးကိုသွားရောက်ရှာဖွေခဲ့ကြသော်လည်း နောက်ဆုံးတွင် သူ၏ခန္ဓာကိုယ်ကိုတွေ့ရှိရန်နှင့် လမ်းပေါ်တွင်ရှိနေသောမြန်မာစစ်တပ်တို့ကို ရှောင်ရှားရန် အဝေးကြည့်မှန်ပြောင်းကိုအသုံးပြုခဲ့ကြပါသည်။ အသက်၅၄နှစ်အရွယ် စောဒမီးသည် ၂၀၁၉ခုနှစ် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများကြောင့် ၂၀၂၀ခုနှစ်အတွင်း လုံလောက်သော ဆန်ကို



"တရားမျှတမှုမရှိရင်ငြိမ်းချမ်းရေးဆိုတာမရှိဘူး။ တရားမျှတမှုဟာ အချင်းချင်းနားလည်မှုနဲ့ လူတစ်ယောက်စီရဲ့အခွင့်အရေးကို သတိပြုမိခြင်းတို့ အပေါ်မှာ မူတည်ပါတယ်။"

-ကရင်နီပါလီမန်အဖွဲ့ဝင်နှင့် ယခင်ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦး





မစိုက်ပျိုးနိုင်ခဲ့သည့်အတွက် ဆန်နှင့်ကွမ်းသီးလဲလှယ်ရန်သယ်ဆောင်သွားလာနေစဉ် ထိုသို့ပစ်ခတ်ခြင်းခံရကာ အသက်ဆုံးရှုံးသွားခဲ့ခြင်းဖြစ်ပါသည်။ သူသည်ဇနီးသည်နှင့် သားသမီး ငါးဦးကိုချန်ရစ်ခဲ့ပါသည်။

ပဋိပက္ခများအလယ်တွင် ကရင်ရွာသားများသည် အစားအစာ ရှားပါးမှုပြဿနာကိုဆက်လက် ရင်ဆိုင်နေရပါသည်။ မြန်မာစစ်တပ်ကြောင့် နေရာရွှေ့ပြောင်းခဲ့ရသောသူများသည် သူတို့၏ ကောက်ပဲသီးနှံများကို စိုက်ပျိုးခြင်း နှင့် စောင့်ရှောက်ခြင်းတို့ကိုမလုပ်ဆောင်နိုင်ခဲ့ပေ။

မိုးခေါင်ရေရှားမှုကြောင့်နောက်ဆက်တွဲမိုးရာသီရေလျှံခြင်းကလည်း သူတို့အတွက် အစားအစာရှားပါးမှုကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ အချို့တို့သည်လည်း အစိုးရအနေဖြင့် ရွာသားများအား အခကြေးငွေပေးခြင်းမရှိပါကအစိုးရပိုင်မြေပေါ်တွင် စိုက်ပျိုးပိုင်ခွင့်မပြုတော့သည့်အတွက် ပြဿနာများရင်ဆိုင်ရလျက်ရှိပါသည်။ ဗဟိုအစိုးရနှင့် မြန်မာစစ်တပ်တို့ ထိန်းချုပ်လျက်ရှိသော ညောင်လေးပင်ခရိုင်တွင် ဤစိန်ခေါ်မှုများသည် စိုက်ပျိုးရေးကိုဝင်ငွေနှင့် စားနပ်ရိက္ခာအရင်းအမြစ် အဖြစ်မှီခိုနေရသော ရွာသားပေါင်းဧဂရာခိုင်နှုန်းကျော်အပေါ်သို့သက်ရောက်လျက်ရှိပါသည်။

ကရင်လူမျိုးများသည် ဆက်လက်၍ဗဟိုအစိုးရနှင့် ညှိနှိုင်းတိုင်ပင်ရန်ကြိုးစားခြင်းအပါအဝင်မိမိတို့ ကိုယ်ပိုင်မြေပေါ်တွင်နေထိုင်နိုင်ရန် ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးတို့ရရှိရန်လုပ်ဆောင်လျက်ရှိပါသည်။ သို့ရာတွင်မြန်မာစစ်တပ်နှင့် ဗဟိုအစိုးရတို့သည်ကရင်လူမျိုးခေါင်းဆောင်များကသူတို့တောင်းဆိုသည့်အရာများကိုသဘောတူရန်ငြင်းဆန်သည့်အချိန်တွင် ရွာသားများအား ဖိနှိပ်ခြင်း၊ တိုက်ခိုက်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့ လုပ်ဆောင်ကာ ဆက်လက်ထိန်းချုပ်နိုင်ရန် အတွက် သဘောတူညီချက်များကို အသုံးပြုလာပါသည်။ အခြားသောလူမျိုးစုငယ်များနည်းတူ ကရင်လူမျိုးများသည်လည်း ဆက်လက် တည်ရှိနေပါသည်။ သူတို့သည် အရှုံးမပေးကြသေးပဲ မိမိတို့မြေနှင့် မိမိတို့ဘဝနေထိုင်မှုဓလေ့အတိုင်း ဆက်လက်စွဲကိုင်ထားဆဲဖြစ်ပါသည်။

# ကရင်ပြည်နယ်အတွင်းမှ အသံများ



## စောဂေထူး

"ကျွန်တော့်နာမည် စောဂေထူးပါ။ အသက်၇၃နှစ်ရှိပြီး ခရစ်ယာန်တစ်ဦးပါ။ ကျွန်တော်ဆော်မါပလောမှာ နေပါတယ်။ ကျွန်တော် ဘဝတစ်လျှောက်လုံး မြန်မာစစ်တပ်ရန်ကနေ ထွက်ပြေးနေခဲ့ရပါတယ်။ မြန်မာစစ်တပ်ကပစ်လိုက်တဲ့ မော်တာကျည်ဆံနဖူးကို ထိမှန်ပြီး ဒဏ်ရာရထားတာကို သင်တွေ့နိုင်ပါတယ်။ ၁၉၇၉ခုနှစ်တုန်းက မြန်မာစစ်တပ်ဟာ ကျွန်တော့် ကျေးရွာဖြစ်တဲ့ဆော်မါပလောကို မော်တာသေနတ်တွေနဲ့ပစ်ခတ်ခဲ့ပါတယ်။ ကျွန်တော်ဟာအိမ်အောက်မှာ တူးထားတဲ့တွင်းထဲမှာ မိသားစုနဲ့အတူပုန်းအောင်းနေခဲ့ပါတယ်။ မြန်မာစစ်တပ်ဟာ အခုထိကျွန်တော်တို့ကိုတိုက်ခိုက်နေတုန်းပါပဲ။ လွန်ခဲ့တဲ့နှစ်လကမြန်မာစစ်တပ်ဟာဒီရွာထဲကိုမော်တာနဲ့ပစ်ခတ်ခဲ့ပါတယ်။ ကျွန်တော်ဟာ မြန်မာစစ်တပ်ရဲ့လိုက်လံဖမ်းဆီးမှုကနေလွတ်မြောက်ဖို့အတွက်တောထဲကိုထွက်ပြေးခဲ့ရပါတယ်။ မြန်မာစစ်တပ်ဟာတစ်ခါတစ်ရံမှာ ကျွန်တော်တို့ကို အလုပ်လုပ်ဖို့နဲ့စိုက်ပျိုးရေးလုပ်ဆောင်ရာမှာတားဆီးလေ့ရှိပြီး ယခင်က လည်းကျွန်တော်တို့အိမ်တွေကိုမီးရှို့ဖျက်ဆီးခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံနဲ့ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအတွက် နဲ့ ကျွန်တော်တို့မြေမှာ ကရင်လူမျိုးတွေ လွတ်မြောက်မှုရရှိနိုင်ဖို့အတွက် ကျွန်တော်ဆုတောင်းပါတယ်။ ကျွန်တော့်အတွက်ကတော့ ငြိမ်းချမ်းရေးဆိုတာ လုံလောက်တဲ့ အစားအစာရရှိခြင်းပါပဲ။ ငြိမ်းချမ်းရေးရှိရန် သင်ဟာ ဘဝကိုလွတ်လပ်စွာအသက်ရှင်နိုင်ပါလိမ့်မယ်။ ကျွန်တော်တို့ကိုမြန်မာစစ်တပ်ကနှစ်ပေါင်းများစွာ မတရားဆက်ဆံခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့မြေမှာ ကျွန်တော်တို့ကိုယ်ပိုင်လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးကိုလိုချင်ပါတယ်။"

## နော်ကရိုဖော်

"မြန်မာတွေကျွန်မတို့ဒေသအနီးကို ရောက်လာပြီးသေနတ်ကြီးတွေနဲ့ပစ်မယ်လို့ခြိမ်းခြောက်ခဲ့ကြပါတယ်။ မြန်မာစစ်တပ်ကြောင့်ကျွန်မတို့ဟာ အကြိမ်ပေါင်းများစွာ ထွက်ပြေးခဲ့ရပါတယ်။ မတ်လတုန်းက မြန်မာစစ်တပ်ဟာ ကျွန်မတို့ကိုတိုက်ခိုက်ခဲ့ပါတယ်။ မြန်မာစစ်တပ်ဟာ သူတို့စခန်းကိုထောက်ပံ့ရေးပို့ဖို့ကြိုးစားနေချိန်မှာ ကရင်စစ်တပ်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ပြီး ကျွန်မတို့ရွာထဲကို လက်နက်တွေနဲ့ပစ်ခတ်ခဲ့ပါတယ်။ သေနတ်သံကိုကြားရစဉ်မှာ ကျွန်မဟာ ကျွန်မအိမ်ထဲမှာ ရှိနေခဲ့ပါတယ်။ ကျွန်မအိမ်ထဲက ထွက်ပြေးပြီး အိမ်အောက်ကပုန်းခိုရာ တစ်နေရာမှာ ကလေးတွေအားလုံးနဲ့အတူ ပုန်းအောင်းနေခဲ့ပါတယ်။ ကျွန်မတို့သေနတ်သံတွေကြားရင် ကလေးတွေကိုချက်ချင်းရှာပြီး ပုန်းအောင်းစေပါတယ်။ ဒါမှသာကလေးတွေအသက်ကို ကယ်တင်နိုင်မှာဖြစ်ပါတယ်။ ကလေးတွေအသံမထွက်အောင်နဲ့ လုံခြုံတဲ့အချိန်အထိစောင့်ဖို့ စိတ်ရှည်ဖို့ ပြောရပါတယ်။ ကျွန်မကလေးတွေအတွက်ကြောက်မိပါတယ်။ အကြောင်းကတော့သူတို့ကြောက်ရွံ့ပြီး ငိုကြွေးကာ အသံထွက်မိသွားမှာကိုစိုးရိမ်မိလို့ပါပဲ။ ဘုရားသခင်ကျေးဇူးတော်ကြောင့်ပါပဲ။ ဘယ်သူမှထိခိုက်မှု မရှိခဲ့ပါဘူး။ အိမ်တိုင်းမှာ မြန်မာစစ်တပ်တွေကျွန်မတို့ကိုပစ်ခတ်တဲ့အခါမှာ ပုန်းအောင်းဖို့နေရာတွေရှိပါတယ်။ ကရင်လူမျိုးတွေ လွတ်လပ်စွာ အလုပ်လုပ်ဆောင်နိုင်ဖို့နဲ့ မြန်မာစစ်တပ်ရန်တွေမရှိပဲအနာဂတ်မှာအသက်ရှင်နေထိုင်နိုင်စေဖို့အတွက်မျှော်လင့်မိပါတယ်။"

“ကျွန်တော်တို့ဟာ မြန်မာစစ်တပ်ကို ကြောက်ရွံ့စွာ အိပ်စက်ပြီး အသက်ရှင်နေရပါတယ်။ ကျွန်တော်တို့ကို ဒီလိုပဲထားမယ်ဆိုရင် ကောင်းပါတယ်။ ဒါပေမဲ့ သူတို့ကကျွန်တော်တို့ကို ညှင်းပန်းနှိပ်စက်ပြီး သတ်ဖြတ်နေကြပါတယ်။ သူတို့ကကျွန်တော်တို့ကို သူတို့အတွက် ဂန်ထုပ်တွေထမ်းစေပါတယ်။ မြန်မာစစ်တပ်တွေမြန်မာပြည်ထဲကိုပြန်သွားပြီး ကျွန်တော်တို့မြေမှာ အေးအေးချမ်းချမ်းနေခွင့်ပေးဖို့မျှော်လင့်မိပါတယ်။”

## စောဖား

“ကျွန်တော့်နာမည်စောဖားဖြစ်ပါတယ်။ ထီးဘောခီးကျေးရွာမှာ နေထိုင်ပါတယ်။ မြန်မာစစ်တပ်ရန် ကနေ အသက်၁၂နှစ်ကတည်း ပြေးလွှားခဲ့ရပါတယ်။ မြန်မာစစ်တပ်ဟာရွာသားတွေကို သတ်ဖြတ်ပြီး ညှင်းပမ်းနှိပ်စက်ကြပါတယ်။ ယခုအချိန်အထိကျွန်တော်တို့ဟာ မြန်မာစစ်တပ်ရန် ကနေထွက်ပြေးနေရဆဲပါပဲ။ လွန်ခဲ့တဲ့သုံးနှစ်က မြန်မာစစ်တပ်ဟာ ကျွန်တော်တို့ကျေးရွာကို ရောက်ရှိလာခဲ့ပြီး အိမ်တွေကို မီးရှို့ခဲ့ပါတယ်။ လူတိုင်း လွတ်မြောက်ဖို့အတွက် အခြားတစ်ရွာကို ထွက်ပြေးကြရပါတယ်။ လွန်ခဲ့တဲ့ ၂လက တိုက်ခိုက်မှုရှိခဲ့ပါတယ်။ ကျွန်တော်ပြေးလွှားဖို့ ပစ္စည်းတွေပြင်ဆင်ခဲ့ပေမဲ့။ ထွက်မပြေးဖြစ်ခဲ့ပါဘူး။ တစ်ခါတစ်လေမှာ မြန်မာစစ်တပ်တွေဟာ ကျွန်တော်တို့ရဲ့ ဆန်တွေကို မီးရှို့သွားကြတယ်။ ဒီနေရာဟာ မြန်မာစစ်တပ်ရဲ့ ညှင်းပမ်းနှိပ်စက်မှုကို အရမ်းခံစားကြရတယ်။ ကျွန်တော်တို့ငြိမ်းချမ်းရေးကိုပဲ အလိုရှိတယ်။ ဒါမှ ကြောက်ရွံ့ခြင်းမရှိပဲ ကျွန်တော်တို့ အလုပ်နဲ့ စိုက်ပျိုးရေးတွေလုပ်ဆောင်နိုင်မှာပါ။ ၁၉၇၆ခုနှစ်မှာ မြန်မာစစ်တပ်ဟာ စစ်သားတွေကိုမဟုတ်ပဲ ကရင်ရွာသားတွေကိုမှပစ်ခတ်ဖို့အတွက် ချိန်ရွယ်ခဲ့တယ်။ ထပ်ပြီးတော့ ၁၉၈၈-၂၀၀၀မှာလည်း မြန်မာစစ်တပ်ဟာ ကရင်လူမျိုးတွေကို အသည်းအသန်တိုက်ခိုက်ပြီး သတ်ဖြတ်ခဲ့ကြတယ်။ ဒီနေ့အထိ မြန်မာစစ်တပ်ဟာ ကရင်လူမျိုးတွေကို ဖိနှိပ်ပြီး သတ်ဖြတ်နေဆဲပါပဲ။ ကျွန်တော်တို့ဟာ မော်တာနဲ့ သေနတ်ကြီးတွေကို ကြောက်ပါတယ်။ ဒီမှာနေတဲ့သူတွေရဲ့ ဘဝဟာခက်ခဲလှပါတယ်။ အကယ်၍ဖြစ်နိုင်မယ်ဆိုရင် ပြန်လာပြီး သင်တတ်နိုင်သမျှ ကရင်လူမျိုးတွေကို ကူညီပေးစေချင်ပါတယ်။ ကျွန်တော်တို့ကလေးတွေ ကောင်းမွန်တဲ့ ဘဝကို ရရှိနိုင်စေဖို့နဲ့ လွတ်လပ်စွာ အလုပ်လုပ်ကိုင်ခွင့်နဲ့ ငြိမ်းချမ်းစွာအသက်ရှင်နိုင်စေဖို့အတွက် ကျွန်တော်တို့အလိုရှိပါတယ်။”

## အမည်မဖော်သူ

“လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက မြန်မာစစ်တပ်ဟာကျွန်တော့်အကိုကိုပစ်ခတ်ခဲ့ပါတယ်။။ ကျွန်တော့်အစ်ကိုဟာ ထိုင်းနိုင်ငံကို သွားရောက်ပြီးတော့ကုသမှုကိုခံယူခဲ့ရပါတယ်။ ကျွန်တော့်ညီ အစ်ကို နှစ်ဦးဟာ မြန်မာစစ်တပ်ရဲ့လက်ထဲမှာပဲ သေဆုံးခဲ့ရပါတယ်။ သူတို့ထဲက တစ်ဦးဟာ သာမာန်ရွာသား လယ်သမားတစ်ဦးဖြစ်ပြီး မြန်မာစစ်တပ်ရဲ့ဖမ်းဆီးခြင်းခံရပြီးနောက်မှာထပ် မတွေ့ရတော့ပါဘူး။ အခြားအစ်ကိုတစ်ယောက်ကတော့ မြန်မာစစ်တပ်နဲ့စစ်တိုက်ပြီး ပြန်မလာတော့ပါဘူး။ အခုကျွန်တော်တို့ဟာ မြန်မာစစ်တပ်ကို ကြောက်ရွံ့စွာ အိပ်ပြီး အသက်ရှင် နေရပါတယ်။ အကယ်၍ကျွန်တော်တို့ကိုဒီအတိုင်းထားမယ်ဆိုရင်အရမ်းကောင်းမှာပါပဲ ဒါပေမဲ့ သူတို့က ကျွန်တော်တို့ကို ညှင်းပမ်းနှိပ်စက်ပြီး သတ်ပစ်ကြပါတယ်။ သူတို့အတွက် ဂန်တွေကို ထမ်းခိုင်းပါတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက မိဘတွေက မြန်မာစစ်တပ်ဟာဆိုးတယ်ဆိုပြီးတော့ ကြိုးစားရှင်းပြကြပါတယ်။ ဒါပေမဲ့ အခုထိကျွန်တော်တို့နားမလည်နိုင်သေးတာကတော့ ဘာကြောင့် သူတို့ကျွန်တော်တို့ကိုနာကျင်အောင်လုပ်ချင်သတ်ချင်နေတာလည်း ဆိုတာပါပဲ။ ကျွန်တော်သိသမျှအားလုံးကတော့ပြေးဖို့ပါပဲ။ မြန်မာစစ်တပ်ရောက်လာပြီး ကျွန်တော်တို့အိမ်တွေကို မီးရှို့ပြီး ကျွန်တော်တို့ဂက်တွေကိုသတ်ပစ်ကြပါတယ်။ မြန်မာစစ်တပ်ဟာ ကျွန်တော့်အိမ်ကို သုံးခါမီးရှို့ဖျက်ဆီးဖူးပါတယ်။ တစ်ကြိမ်မှာ တစ်စုံတစ်ယောက်က မြန်မာစစ်တပ်ကျွန်တော့်အိမ်ကို မီးရှို့နေတဲ့ပုံကို ရိုက်ခဲ့ပြီး လူမှုကွန်ယက်ပေါ်တင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ မြန်မာစစ်တပ်ဟာ ဆိတ်ငြိမ်နေခဲ့ပြီး အချိန်တိုတစ်ခုအထိကျွန်တော်တို့ကို မတိုက်ခိုက်ခဲ့ပါဘူး။ မြန်မာစစ်တပ်တွေဟာ မြန်မာနိုင်ငံကိုပြန်သွားပြီး၊ ကရင်တွေကိုသူတို့မြေမှာ ငြိမ်းချမ်းစွာ အသက်ရှင်ခွင့်ပေးဖို့မျှော်လင့်မိပါတယ်။”

***Opposite page:*** *ကရင်ရွာသားများမှကရင်ပြည်နယ်အတွင်း မြန်မာစစ်တပ်စခန်းချနေမှုနှင့် တည်ဆောက်မှုလုပ်ဆောင်နေခြင်းကို ဆန့်ကျင်ဆန္ဒပြနေခြင်း။*

# ကယ်ဆယ်ခြင်းနှင့်ပြန်လည်တွေ့ဆုံပွဲ

၂၀၂၀ခုနှစ်၊ ဂျွန်လ၊ မြန်မာနိုင်ငံ၊ ကရင်ပြည်နယ်အတွင်းတွင် မြန်မာစစ်တပ်၏တပ်ရင်း လေးခုတို့သည် မိမိတို့ အသက်အတွက် ထွက်ပြေးလာကြသော၊ ဖရီးဘားမားရိန်းဂျားကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့မှ  အကူအညီပေးအပ်လျက်ရှိသော ဒုက္ခသည်၉၆ဦးတို့ပါဝင်သည့် အုပ်စုတစ်စု အနီးတစ်ဝိုက်တွင်ရှိနေလေသည်။ အစောပိုင်းတွင် စစ်သားများသည် ရွာများကိုမီးရှို့ကာ ကလေးရှစ်ဦးအပါအဝင် လူ ၁၂ဦးတို့ကို သတ်ဖြတ်ခဲ့လေသည်။  ထွက်ပြေးလာသည့်အုပ်စုသည် ကွင်းပြင် ခပ်သေးသေးတစ်ခုတွင်ဆုတောင်းရန်နှင့် မည်သည့်ဘက်သို့ ပြေးရမည်ဆိုသည်ကို ဆုံးဖြတ်ရန် ရပ်တန့်လိုက်လေသည်။ ထိုအချိန်တွင် ကရင်တော်လှန်ရေးအဖွဲ့ဝင်တစ်ဦးသည် တောတွင်းမှ ထွက်လာခဲ့လေသည်။

”သူက သင်တို့သွားမယ်လို့ထင်တဲ့လမ်းကိုမသွားပါနဲ့။ မြန်မာစစ်တပ်ဟာ ဘယ်လမ်းကပဲပိုသွားသင့်တယ်ဆိုတာကိုသိပြီး၊ ခင်ဗျားတို့ ဘယ်သွားမယ်ဆိုတာကိုသိပြီးသားပါ။ သူတို့ခြုံခိုတိုက်ဖို့ စီစဉ်ထားပြီးဖြစ်တယ်။ အဲဒီအစား လယ်ကွင်းစပါးခင်းထဲကိုတည့်တည့်ဖြတ်ပြီး သူတို့ဆီတည့်တည့်သွားပါ။ ဒါကပိုပြီးကြောက်စရာကောင်းမဲ့ပုံပေါက်ပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ရှေ့က မြန်မာစစ်တပ်ဗိုလ်ဟာ အရမ်းကိုကြောက်နေပါတယ်။ သူထင်တာက သင်တို့ဟာ ရိမ်းဂျား ၉၆ ယောက်ဖြစ်ပြီး၊ သူ့ကိုတိုက်ခိုက်ဖို့အတွက် အထူးတပ်ဖွဲ့ငယ်ကိုဦးဆောင်လာတယ်လို့ ထင်နေပါတယ်။ သူဟာသူ့တပ်ကိုဆုတ်ပြီး သူ့စခန်းထဲမှာပုန်းအောင်းနေပါတယ်။ သူ့ကိုဖြတ်ပြီးတော့သင်တို့ သွားနိုင်ပါတယ်။” ဟု ပြောကြားလေသည်။

အုပ်စုဝင်များသည်ဆုတောင်းပြီး စစ်သား၏အကြံပေးချက်ကို လိုက်နာရန်ဆုံးဖြတ်ခဲ့ကြသည်။ ယောကျာ်းလေးတစ်ဦးသည် ဖယောင်းကို ထွန်းညှိလိုက်ပြီး သူ၏လက်ဖဝါးတွင်ဆွဲကိုင်ထားလိုက်သည်။ ခြောက်နှစ်အရွယ်မိန်းကလေးတစ်ဦး သူနှင့်အတူရွံ့ရွံ့ကလေးဘေးမှ လိုက်သွားပြီး သူ့မိသားစုသည်သူ့နံဘေးတွင်ရှိနေသည်။ ရိန်းဂျားများသည်သူတို့အားဝန်းရံကာ ဆုတောင်းလိုက်သည်။ ထို့နောက်တွင် အမှန်တကယ်ရှိနေသည့်အန္တရာယ်ကို သိနှင့်သော်လည်း ဘုရားသခင် အပေါ် ယုံကြည်စိတ်ချမှုနှင့်အတူ သူတို့ကိုဦးဆောင်ကာ အရှေ့သို့ခရီးဆက်ခဲ့ကြလေသည်။

သူတို့သည်တောအစွန်အဖျားသို့ရောက်သည့်အချိန်တွင် မိုးသောက်ယံအချိန်သို့ရောက်ရှိ လာသည်။ ပေရေနေသော ထိုအုပ်စုလေးသည် စပါးခင်းသို့ရောက်ရှိလာသည့်အချိန်တွင် နေရောင်ခြည်သည် ကောင်းကင်တွင်ဖြာထွက်လာခဲ့သည်။ လယ်ကွင်း၏အခြားတစ်ဖက်တွင် မြန်မာစစ်တပ်စခန်းရှိနေလေသည်။ စစ်တပ်အနေဖြင့် သူတို့ကို တိုက်ခိုက်ရန် မတွေ့နိုင်သည့် အခြေအနေမဟုတ်ပေ။ သူတို့အားကူညီလမ်းပြပေးသည့် ကရင်စစ်သားများနှင့်ရိန်းဂျားများက ရွာသားများအားစစ်တပ်မှ စတင်ပစ်ခတ်လာသည်ရှိသော် “ဖြန့်ပြီးနေကြ၊ ဖြန့်ပြီးနေကြ” ဟု တိုက်တွန်းကြသည်။

သူတို့အားလုံးကျော်ဖြတ်နိုင်ခဲ့သည်။ နေဝင်သွားခဲ့သည်။ သူတို့အားလုံး နယ်စပ်ကိုလုံခြုံစွာ ဖြတ်ကျော်ကာ မိသားစုများသည် ဒုက္ခသည်စခန်းများတွင် နေရာချထားခြင်း ခံခဲ့ရသည်။ သူတို့သည် ဘုရားသခင်ကို အတူတကွကျေးဇူးတော်ချီးမွမ်းကာ အံ့ဖွယ်သောအမှုအတွက် ကျေးဇူးတင်ခဲ့ကြသည်။

နှစ်ပေါင်းများစွာကြာပြီး၊ ထို၂၀၁၉ခုနှစ်တွင် ထိုစဉ်ကရိန်းဂျားအုပ်စုနှင့်အတူရှိနေခဲ့သော ဒေ့ဗ်ထံသို့ မွန်းဟုခေါ်သော မိန်းကလေးတစ်ဦးထံမှ အီးမေးလ်တစ်စောင်ရောက်ရှိလာခဲ့ပါသည်။ သူမက “ကျွန်မကိုမှတ်မိလားတော့မသိဘူး။ ဒါပေမဲ့ ကျွန်မအသက်ခြောက်နှစ်ရှိတုန်းက ဖယောင်းတိုင်ကိုင် ထားတဲ့ကျွန်မအစ်ကိုဘေးက ခပ်ရွံ့ရွံ့လေးလိုက်လာတဲ့ကလေးမလေးဟာ ကျွန်မပါပဲ။ ရှင်ဟာ ဆုတောင်းပြီး ကျွန်မတို့ကို မြန်မာစစ်တပ်ရန်ကနေလွတ်မြောက်အောင်ဆောင်ရွက်ပေးခဲ့ပါတယ်။ နောက်ပိုင်းကျွန်မတို့ မိသားစုဟာ အမေရိကကိုရွှေ့ပြောင်းခဲ့ပါတယ်။ ဘုရားသခင်ဟာ ကျွန်မကို ယေရှုနောက်လိုက်အသစ်လည်းဖြစ်တဲ့ နီပေါကလာတဲ့ ဒုက္ခသည်တစ်ဦးနဲ့အိမ်ထောင်ကျစေခဲ့ပါတယ်။ ကျွန်မတို့မှာကလေးနှစ်ဦးရှိပြီး ဒါဟာကြီးမားတဲ့ကောင်းကြီးမင်္ဂလာပဲဖြစ်ပါတယ်။  FBR ဗီဒီယိုတစ်ခုကိုတွေ့ပြီး ‘ရှင်အသက်ရှင်နေတုန်းပဲ။ ရှင့်ကိုတွေ့ချင်တယ်’ လို့စဉ်းစားမိခဲ့တယ်။” ဟုရေးသားခဲ့ပါသည်။

ဘုရားသခင်ကျေးဇူးတော်ကြောင့် သူတို့တွေ့ဆုံခဲ့ပြီး၊ မြောက်ကိုရိုလိုင်းနားတွင် လုပသော ပြန်လည်တွေ့ဆုံပွဲတစ်ခုကို ပြုလုပ်နိုင်ခဲ့ပါတယ်။



ဒေ့ဗ်နှင့်ပီတာယူဘဲ့ခ် နှင့်အတူ နော်မွန်း၊
သူမခင်ပွန်းသည်နှင့် သူတို့၏ကလေးနှစ်ဦးအား
၂၀၂၀ခုနှစ်၊ မြောက်ကာရိုလိုင်းနား
ပြန်လည်တွေ့ဆုံပွဲတွင်တွေ့ရစဉ်။